EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၁၇) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (မေ ၂၅ - မေ ၃၁၊ ၂၀၁၈)

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm






## မြန်မာပြည်စစ်ပွဲများအတွင်းမှ တရုတ်နိုင်ငံ၏ ရပ်တည်မှု

စာ - ၁၈/၁၉ သို့ »



## ဆန္ဒပြအဖွဲ့ ဦးဆောင်သူ သုံးဦး အမှုကို တတိယမြောက်ရုံးချိန်းတွင် စတင်စစ်ဆေးမည်

စာ - ၅ သို့ »

## အင်ဂျန်းယန်ဒေသခံများ၏တောင်းဆိုသည့်အချက် ခြောက်ချက်ကို တပ်မတော်က အကန့်အသတ်ဖြင့်လိုက်လျော

စာ - ၃ သို့ »

## ငှက်ပျောခြံပြုလုပ်ရန် နယ်နိမိတ် လာရောက်သတ်မှတ်သည့် စည်းရိုးတိုင်များကို နုတ်သည့် ရွာသားများကို ပြည်သူ့စစ်အဖွဲ့က ဖမ်းဆီး

စာ - ၁၁ သို့ »



# ပြည်နယ်တွင်းပါတီများ ပေါင်းစည်းရေးအတွက် ကချင်လူမျိုးအပြင် အခြားလူမျိုးများလည်း ပါဝင်စေလိုဟုဆို

မြစ်ကြီးနား၊ မေလ ၂၁

ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးဆောင်ရွက်ရာတွင် ကချင်လူမျိုးတစ်ခုတည်း မဟုတ်ဘဲ ကချင်ပြည်နယ်ရှိ ပြည်နယ်သူ/သား အားလုံးပါဝင်လာရန် လိုအပ်ကြောင်း စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ - ကချင်ပြည်နယ်(မနောတိုင်ပါတီ) ဥက္ကဋ္ဌ ဦးခက်ထိန်နန်ကပြောသည်။

"ဒီထက်ပိုပြီး ထပ်ပြီးတခြားပါတီတွေလည်း ပါဝင်နိုင်အောင် ပြည်သူတွေလည်း ပါဝင်လာအောင် ကြိုးစားရဦးမယ်။ ပြီးရင် ကချင်လူမျိုးတစ်မျိုးတည်းအနေနဲ့လည်း မဖြစ်နိုင်ဘူး။ ကိုယ့်ပြည်နယ်သူပြည်နယ်သားတွေလည်း အားလုံးပါဝင်လက်တွဲပြီးတော့မှပဲ အတိုင်းအတာတစ်ခုအထိ ဖြစ်နိုင်မယ်"ဟု ပါတီပေါင်းစည်းရေးတွင်ပါဝင်သူ ဦးခက်ထိန်နန်က ပြောသည်။

ထိုသို့ပူးပေါင်းလုပ်ဆောင်မှသာလျှင်လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပူးပေါင်းထားသည့်ကချင်နိုင်ငံရေးပါတီများအနေဖြင့် အောင်မြင်မှုအတိုင်းအတာတစ်ခုကို ရရှိမည်ဟုရင်းကပြောသည်။

လက်ရှိ ကချင်နိုင်ငံရေးပါတီများပေါင်းစည်းရေးတွင် ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ(KSDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ-ကချင်ပြည်နယ်(မနောတိုင်ပါတီ)တို့ သဘောတူညီမှုများရရှိထားပြီးဖြစ်ကြောင်း သိရသည်။

၎င်းတို့သုံးပါတီသည်ပါတီတစ်ခုတည်းဖြစ်ရေးအတွက် သဘောတူညီမှုများ ရရှိထားပြီး ပါတီအသစ် အမည်ကို Kachin State People`s Party (ကချင်ပြည်နယ်ပြည်သူပါတီ)ဟု အမည်ပေးရန်သဘောတူညီထားကြောင်းလည်း ဦးခက်ထိန်နန်က ပြောသည်။



Kachin State People's Party၏ လိုဂို၊ အလံကို အနီနှင့်အစိမ်းအလယ်တွင် ကြိုးဂုံ ထည့်သွင်းထားပြီး ယင်းကြိုးဂုံကို ပြည်သူလူထုအားလုံးလိုလားသည့် ငြိမ်းချမ်းရေးအရောင် အပြာရောင်(မိုးပြာရောင်)ကိုထည့်သွင်းထားသည်ဟု သိရသည်။

ပါတီတရားဝင်ဖြစ်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီ(KSDP)ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

ကချင်နိုင်ငံရေးပါတီများပါတီကြီးတစ်ခုတည်းဖြစ်ရန် မူလပေါင်းစည်းရေးတွင် ကချင်အမျိုးသား ကွန်ဂရက်ပါတီ(KNC) ပါတီပါဝင်ခဲ့သော်လည်း ယခုပေါင်းစည်းရေးတွင် ပါဝင်တော့မည်မဟုတ်ကြောင်း သိရသည်။

"တစ်ပါတီတည်း ဝိုင်းဝန်းထူထောင်ဖို့ အဲဒါကိုလုပ်နေကြတယ်။ တော်တော်လေးကိုခရီးရောက်နေပြီ။ ပါတီအသစ်ကတော့ မှတ်ပုံတင်မကျသေးဘူး။ KNC ကမပါတော့ဘူး။ သူတို့က အဆင်သင့်မဖြစ်သေးဘူး။ ပြင်ဆင်မှုတွေအများကြီးလုပ်ရဦးမယ်။ အဆင်သင့်ဖြစ်မှာပါ ကောင်းလာမှာပါ။ သူတို့က ဆွေးနွေးရင်းနဲ့ အလံတို့ နာမည်တို့ ရွေးချယ်တဲ့နေရာမှာ စိတ်တိုင်းကျမဖြစ်တော့ မပါသေးဘူးပေါ့။ ဆက်လက်စည်းစားသွားဖို့ ရှိတာပေါ့" ဟု ဒေါက်တာတူးဂျာက ပြောသည်။

KNC ပါတီအနေဖြင့် ပါတီလိုဂို၊ နာမည်အသစ်ဖြင့် ဖွဲ့စည်းရေးနှင့် မိမိတို့ KNC ပါတီသမိုင်းအရ ပါတီဖျက်သိမ်းရန် အခက်အခဲများရှိခြင်းကြောင့် မပါဝင်တော့ခြင်းဖြစ်သည်ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီ(KNC)ပါတီဥက္ကဋ္ဌ ဒေါက်တာMကောန်လက ပြောသည်။

"သုံးပါတီက ချည်နှောင်ထားတာမရှိတော့ သူတို့က လွတ်လပ်တယ်။ ကျွန်တော်တို့ကျတော့ အဲ့လို မဟုတ်ဘူး။ ထိန်းသိမ်းရမှာရှိတယ်၊ ကျွန်တော်တို့ KNC က သမိုင်းကို ယူထားတယ်။ အမွေပေါ့။ အဲဒီအမွေကို ဆက်ခံထားတာဖြစ်နေတော့ လက်ရှိပါတီဥက္ကဋ္ဌအနေနဲ့ ဖျက်လို့မရဘူး။ ကျွန်တော့်သဘောဆန္ဒနဲ့ ဖျက်ဦး . . ကိုယ်ပိုင်ပါတီမဟုတ်တော့ ဖျက်ခွင့်မရှိဘူး။ အခွင့်အာဏာမရှိဘူး။ အဲ့ဒီတော့ပါတီပေါင်းရင် ပါတီဖျက်ရမယ်ဆိုတော့ ကျွန်တော်တို့ကတော့ နည်းနည်း ကန့်သတ်ချက်တွေရှိတယ်"ဟု ဒေါက်တာ M ကောန်လက ရှင်းပြပြောဆိုသည်။

အလားတူ ယခုနှစ်မှစတင်တည်ထောင်ထားသည့် ပြည်ထောင်စုအဆင့်နိုင်ငံရေးပါတီတစ်ခုဖြစ်သော ဒေါ်ဘောက်ဂျာနှင့် ဦးစီစီနော်ဂျာတို့ ဦးဆောင်သည့် ပြည်ထောင်စုတိုင်းရင်းသားများဖယ်ဒရယ်ဒီမိုကရေစီပါတီ အနေနှင့်လည်း ကချင်နိုင်ငံရေးပါတီများပူးပေါင်းရေးတွင် ပါဝင်မည်မဟုတ်ဘဲ ပူးပေါင်းလုပ်ဆောင်မှုသာ ပြုလုပ်သွားမည်ဟု ယင်းပါတီဥက္ကဋ္ဌ ဒေါ်ဘောက်ဂျာက ပြောသည်။

"လုပ်ဆောင်တာချင်းနည်းနည်းကွာဟနေတဲ့အခါကျတော့ ပါတီမှာ ပူးပေါင်းဖို့ ခက်ခဲတာပါ။ အဓိက မူဝါဒကြောင့်ပါ။ ကျွန်မတို့ပါတီက အဓိကတောင်သူအရေးနဲ့ လယ်ယာမြေကိစ္စကို အဓိကထားပြီး လုပ်ဆောင်သွားမယ်" ဟု ဒေါ်ဘောက်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဦးခက်ထိန်နန်က ၎င်းအနေဖြင့် ပါတီပေါင်းစည်းရေးသို့ ပြည်နယ်တွင်းပါတီများ ပါဝင်ရန် လိုလားကြောင်း၊ သို့မှသာ ပြည်နယ်၏အကျိုးကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထပ်မံ ပြောကြားသည်။

"ဒေသခံပြည်သူတွေက ပါတီတွေအားလုံးပေါင်းစည်းဖို့ လိုလားတယ်။ ဒေသခံပါတီတွေများနေရင် ဘယ်သူ့ကို မဲထည့်ရမလဲလည်း မသိဘူး။ ပြည်သူတွေကလည်း ပေါင်းစည်းဖို့ပြောလာတယ်ဆိုတော့ တခြား ပြည်နယ်တွေလည်း ပေါင်းစည်းဖို့ အားလုံးလုပ်လာတယ်ဆိုတော့ ကျွန်တော်တို့လည်း ပေါင်းစည်းဖို့ ကြိုးစားလာရတာပေါ့။ ပူးပေါင်းမှ ဖြစ်မယ်၊ ပိုပြီးတော့ပြည်သူ့အကျိုးကို လုပ်ဆောင်နိုင်မယ်။ တစ်ကွဲတစ်ပြားဖြစ်နေရင်တော့ ဘာမှထိရောက်မှုလည်း မရှိဘဲ အချိန်ကုန်လူပင်ပန်းပဖြစ်မယ်"ဟုရင်းကပြောသည်။

ကချင်နိုင်ငံရေးပါတီများ၏ မူဝါဒအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်လာရေး၊ ပြည်နယ်နှင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း၊ ရသင့်ရထိုက်သည့်အခွင့်အရေးနှင့် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံအားဖြင့် အားလုံးတူညီသည်ဟု သုံးသပ်ကြောင်းလည်း ဦးခက်ထိန်ကပြောသည်။

Salai



# အင်ဂျန်းယန်ဒေသခံများ၏တောင်းဆိုသည့်အချက် ခြောက်ချက်ကို တပ်မတော်က အကန့်အသတ်ဖြင့် လိုက်လျော

မြစ်ကြီးနား၊ မေ ၂၂

အင်ဂျန်းယန်မြို့မှ စစ်ရှောင်ပြည်သူများ တောင်းဆိုသည့်အချက်များကို တပ်မတော်က လိုက်လျောပေးခဲ့ကြောင်း အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားထံမှသိရသည်။

မေလ ၁၉ ရက်က အင်ဂျန်းယန်မြို့မှစစ်ရှောင်ပြည်သူများထံသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် အင်ဂျန်းယန်မြို့နယ်မှလွှတ်တော်ကိုယ်စားလှယ်များသွားရောက်ခဲ့ရာ စစ်ရှောင်ပြည်သူများက ယင်းဒေသတွင် ဆက်လက်နေထိုင်နိုင်ရေးအတွက် အချက် ၆ ချက် တောင်းဆိုခဲ့ကြောင်း အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စား ဒေါ်ဂျာဆိုင်းခေါန်က ပြောသည်။

ပြည်သူများ တောင်းဆိုချက်တွင် မြစ်ကြီးနားမြို့သို့ သွားလာရာတွင် အချိန်မရွေး သွားလာခွင့်ပြုရန်၊ တောင်ယာလုပ်ငန်းခွင်သို့ လွတ်လပ်စွာ သွားလာခွင့်ပြုရန်၊ ပြည်သူများအားလုံး စိတ်လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိရေးအတွက် အနှောင့်အယှက်များ ကင်းရှင်းရန်၊ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်ဆီဆားများအပြင်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အာဟာရအစားအသောက်များ လိုအပ်လျက်ရှိကြောင်း အချက်၆ချက်ကိုတင်ပြခဲ့ကြသည်ဟု သိရသည်။

နောက်ဆုံးအချက်တွင် ၎င်းတို့တင်ပြသည့် အချက်အလက်များအား ဖြည့်ဆည်းခြင်းမရှိပါက လုံခြုံသည့်ဒေသများသို့ ခေတ္တသွားရောက်နေထိုင်လိုကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် အပို့အကြိုကိစ္စ စီစဉ်ပေးစေလိုကြောင်းတို့ကို တင်ပြခဲ့သည်ဟုဆိုသည်။

၎င်းတို့ တောင်းဆိုထားသည့်အချက်များ မပေးနိုင်ပါက ဆက်လက်နေထိုင်မည်မဟုတ်ကြောင်း၊ မိမိတို့၏ ရပ်ရွာကိုလည်း မစွန့်လွှတ်ချင်ကြောင်း စသည့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကို လိပ်မူကာ တင်ပြခဲ့ကြောင်းလည်း သိရသည်။

“ရွာသားတွေ တောင်းဆိုတဲ့အပေါ် ဒီလိုတော့ရပြီဆိုပြီး အကြောင်းပြန်လာတယ်။ ကိုယ့်ရဲ့အိမ်ကို ပြန်လည်နေထိုင်လို့ရပါပြီ။ လယ်ယာလုပ်ငန်းခွင်တွေမှာလည်း လုပ်ကိုင်စားသောက်လို့ရပါပြီ။ တစ်ခုပဲ တိုက်ပွဲဖြစ်တဲ့ အခြေအနေ နေရာတွေမှာတော့ ရှောင်ရှားပေးပါ။ နောက်တစ်ခုက တစ်ဖက်အဖွဲ့အစည်းနဲ့ ဆက်ဆံတာတွေ ရွာသားတွေနဲ့အမြင်မှားအောင်ဆက်ဆံတာတွေမလုပ်ပါနဲ့ပေါ့။ ဂွေထော်- အင်ဂျန်းယန်လမ်းကတော့ အခုလောလောဆယ်အခြေအနေအရကတော့ တကယ်လို့မြစ်ကြီးနားဘက်ကို သာရေးနာရေးအခြေအနေအရသွားရမယ်ဆိုလို့ရှိရင် ကိုယ့်ရဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်ရယ်၊ ထွေအုပ်ကနေ ဆက်ပြီးထောက်ခံချက်ယူပြီးတော့ အဲဒါကို ထွေအုပ်ကနေအကြောင်းကြားပေးမယ်။ ထွေအုပ်ကို ကြိုအကြောင်းကြားပြီး သွားလာလို့ရပါတယ်လို့ ပြန်ပြောလာတယ်”ဟု ဒေါ်ဂျာဆိုင်းခေါန်က ပြောသည်။

မြစ်ကြီးနားသို့သွားလာလိုပါက ယခင်ကလို ချက်ချင်းထသွားထလာမပြုလုပ်ဘဲ ကြိုတင်အသိပေးပြီးမှ သွားလာစေလိုကြောင်း၊ ထောက်ခံစာများဖြင့် ၂ ရက်ကြိုတင် အကြောင်းကြားပေးရန် လိုအပ်ကြောင်းလည်း ဒေါ်ဂျာဆိုင်းခွန်ထံမှ သိရသည်။

“ထောက်ခံစာ ကြိုတင်ပြီး သွားလာလို့ရပါတယ်ဆိုတော့ အားလုံးကို ခွင့်ပြုပေးတဲ့သဘောပါပဲ။ နောက်တစ်ခုရှိတာ ရှေ့တန်းက တပ်မတော်သားတွေနဲ့တွေ့လို့ရှိရင် ဖြစ်တတ်တဲ့အနေအထားတွေရှိတယ်။ စကားတွေမဆင်မခြင်ပြောဆိုတာ နောက် တချို့ပစ္စည်းတွေ တိရစ္ဆာန်တွေ ယူတဲ့ဟာမျိုးတွေရှိတယ်။ ရွာသားတွေရဲ့ ပြောကြားချက်အရသိရတယ်။ အဲ့လိုရှိရင်လည်း သက်သေအထောက်အထား နေ့ရက်အချိန်တွေကိုမှတ်ထားပြီး ပြန်တင်ပြရင် စစ်ဆေးဆောင်ရွက်ပါမယ်လို့ပြောတယ်။ ကျွန်မတို့သွားကြည့်တဲ့ အနေအထားထက် တော်တော်လေး ပြောင်းလဲမှုရှိတဲ့အခြေအနေ ဖြစ်တာပေါ့”ဟု ဒေါ်ဂျာဆိုင်းခေါန်က ထပ်မံပြောဆိုသည်။

လက်ရှိအနေအထားတွင် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ စစ်ရှောင်ပြည်သူများသည် အထကကျောင်းဆောင်၊ ကက်သလစ်ဘုရားကျောင်းနှင့် နှစ်ခြင်းဘုရားကျောင်းတို့တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

၎င်းတို့၏ စားရေးသောက်ရေးအတွက် ပြည်နယ်အစိုးရ၏ထောက်ပံ့မှု၊ အလှူရှင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ဖြေရှင်းနေရသည်ဟုသိရပြီး ကြက်ခြေနီအဖွဲ့က ယင်းမြို့တွင်နေထိုင်ကာ ကူညီဆောင်ရွက်ပေးမှုများပြုလုပ်နေသည်ဟုလည်း ၎င်းက ထပ်မံရှင်းပြသည်။

အင်ဂျန်းယန်မြို့သည် ရပ်ကွက် လေးရပ်ကွက်ဖြင့် တည်ဆောက်ထားပြီး ရပ်ကွက် ၁ တွင်တပ်စခန်းရှိသည့်အတွက် ယင်းရပ်ကွက်မှပြည်သူများမှာလည်း စစ်ရှောင်နေရပြီး ရပ်ကွက် ၂နှင့်၄သည်ရွာသူ/သားများနေထိုင်သည့်ရပ်ကွက်ဖြစ်ပြီး ရပ်ကွက် ၂ မှာ ဝန်ထမ်းအိမ်ယာများဖြင့် ဖွဲ့စည်းထားသည့်မြို့ဖြစ်သည်။

အင်ဂျန်းယန်မြို့ပေါ်မှာ စစ်ရှောင်ပြည်သူများအပါအဝင် အင်းဂျန်းယန်မြို့နယ်အတွင်းရှိ အင်ဝိုင်းကောင်နှင့် အင်လောက်ယန်ကျေးရွာမှ စစ်ရှောင်ဒေသခံများအပါအဝင် လူဦးရေ ၆၀၀ ကျော်ရှိကြောင်းလည်း သိရသည်။

အင်ဝိုင်းကောင်နှင့် အင်လောက်ယန်ကျေးရွာမှ ဒေသခံများသည် မေလ ၉ ရက်နေ့မှ စတင်ကာ ယင်းရွာနှစ်ရွာကို တိမ်းရှောင်ခိုင်းသည့်အတွက် အင်ဂျန်းယန်မြို့ပေါ်သို့ လာရောက်တိမ်းရှောင်ခဲ့ရကြောင်းလည်း ဒေါ်ဂျာဆိုင်းခေါန်ထံမှ သိရသည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ် PDF ကို
တစ်စောင် ၅၀၀ ကျပ်နှုန်းဖြင့် Online မှ မှာယူနိုင်ပြီ။
ဆက်သွယ်ရန် Email: myitkyinanewsjournal@gmail.com
Call : + 95 (0) 9420085928, +95 0943170745



AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊
အက်စတာ၊ ဆိုင်းလတ်အောင်၊
ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng၊

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊
တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်၏
တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင်
ဖော်ပြပါရှိသော သတင်းများအတွက်
ငွေကြေးသော်လည်းကောင်း၊
တံစိုးလက်ဆောင်သော်လည်းကောင်း၊
လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ
မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ်
ရင်ထိုးတပ်ဆင်ထားသူများသာ
မြစ်ကြီးနားသတင်းဂျာနယ်
သတင်းထောက်ဖြစ်ပါသည်။

# အင်ဂျန်းယန်မြို့ရှိ စစ်ရှောင်များထံသွားရောက်သည့် ပြည်နယ်အစိုးရအဖွဲ့ ခရီးစဉ်တွင် မီဒီယာအဖွဲ့နှင့် ကချင်လူငယ်ထုအဖွဲ့ကို လမ်းခုလတ်မှ ပြန်လွှတ်

မြစ်ကြီးနား၊ မေ ၁၉



အင်ဂျန်းယန်မြို့နယ်သို့ မေလ ၁၉ ရက် နံနက်ပိုင်းက သွားရောက်ခဲ့သည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ခရီးစဉ်တွင်လိုက်ပါသွားသောမီဒီယာများနှင့် ကချင်လူငယ်ထုအဖွဲ့ကို ဆက်လက်လိုက်ပါခွင့် မပြုဘဲလမ်းခုလတ်မှပြန်လွှတ်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့နှင့် အတူ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ထိုအဖွဲ့က မေလ ၁၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ စုပေါင်းရုံး၌ လူစုထွက်ခွာခဲ့ပြီးနောက် ပလန(၈)မိုင်အရောက်တွင် မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးမှ မီဒီယာများလိုက်ပါခွင့်မရှိတော့ကြောင်း ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

"စောစောက အဆင်ပြေရင်တော့ ခင်ဗျားတို့(မီဒီယာ)နဲ့အတူသွားမလို့ပဲ အခုအဆင်မပြေလို့"ဟု မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက သတင်းမီဒီယာများအား ပြောသည်။

အလားတူ ကချင်လူငယ်အဖွဲ့တို့လည်းဂွေထော်ဂိတ်အရောက်တွင် လှည့်ပြန်ခဲ့ရကြောင်း ကချင်လူငယ်ထုမှဦးဆောင်သူ မဆွတ်ဆိုင်းထွယ်က ပြောသည်။

"ဟိုရောက်တော့ လူငယ်တွေ မလိုက်ရတော့ဘူးပြောတယ်။ဘာလို့လဲဘယ်လောက်မေးမေးအထက်ကအမိန့်လို့ပဲ ပြောတယ်"ဟု မဆွတ်ဆိုင်းထွယ်က ပြောသည်။

ထိုသို့လိုက်ပါခွင့် မရခဲ့သည့်အပေါ် Eleven သတင်းဌာနမှ ကချင်ပြည်နယ်သတင်းထောက် ကိုမုန်ဆန်အောင်က "ကျွန်တော်တို့က သတင်းယူဖို့ သီးသန့်သွားတာပါ။ တပ်နဲ့ပတ်သက်ပြီး သတင်းယူဖို့သွားတာမဟုတ်ပါဘူး။ စစ်ရှောင်တွေရဲ့အခြေအနေကို သိချင်လို့သွားတာပါ၊ ခွင့်ပြုချက်မရှိဘဲသွားတာလည်းမဟုတ်ဘူး။ ခရိုင်အုပ်ချုပ်ရေးမှူးတွေရဲ့ ခွင့်ပြုချက်နဲ့သွားခဲ့တာပါ။ အခု လိုဖြစ်သွားတာဘာလို့လဲဆို တာကျွန်တော်တို့ လည်း မသိရဘူး"ဟု ပြောသည်။

ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အင်ဂျန်းယန်မြို့ပေါ်ရှိ ပြည်သူများအတွက် ရိက္ခာများသွား ရောက်ပို့ဆောင်ရေးနှင့် ကျောင်းနေအရွယ်များ ကျောင်းတက်နိုင်ရေးအတွက် စီစဉ်ပေးရန်သွားရောက်ခြင်းဖြစ်ကြောင်း မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက ပြောသည်။

" တနလာ်နေ့လောက် ကျောင်းဖွင့်နိုင်အောင် သွားစီစဉ်ပေးမယ်။ မြို့ပေါ်ခေါ်လာဖို့အစီအစဉ်မရှိဘူး။မေလ ၈ ရက်က သွားထောက်ပံ့ဖူးတယ်။ အဲချိန်မှာလည်း မရွှေ့ချင်ဘူး. . . သူတို့က။ ဘာလို့လဲဆိုရင် အင်ဂျန်းယန်က အရင်ကလည်း နှစ်ကြိမ်မြို့ပျက်ဖူးတယ်။ ထပ်ပြီးတော့အပျက်မခံချင်ဘူးတဲ့။"ဟု ဒေသခံများ၏ ပြောကြားချက်ကို ၎င်းက ပြန်လည်ရှင်းပြပြောဆိုသည်။

အင်ဂျန်းယန်မြို့တွင် လူဦးရေ ၆၀၀ ကျော်နေထိုင်ပြီး ယခုနှစ်ဧပြီလက ယင်းမြို့နယ်ရှိ ကျေးရွာအချို့တွင် ဖြစ်ပွါးခဲ့သည့် တိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်လာသူများလည်း ရှိသည်။

Salai

# တတိယအကြိမ် ၂၁ ရာစုပင်လုံအစည်းအဝေးရက်ရွှေ့ဆိုင်း

မြစ်ကြီးနား၊ မေ ၂၂

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံတတိယအကြိမ်အစည်းအဝေးကို မူလသတ်မှတ်ထားသည့် မေလကုန်တွင် ကျင်းပမည့်အစီအစဉ် မဖြစ်မြောက်တော့သည့်အတွက် ဇွန်လပိုင်းတွင် ကျင်းပဖွယ်ရှိကြောင်း သိရသည်။

၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးမကျင်းပမီက အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပရမည်ဖြစ်သည့်အတွက် နှစ်ပတ်ခန့်ကြာ အချိန်ယူရမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)နိုင်ငံရေးပါတီများအဖွဲ့ဝင်ဒေါက်တာတူးဂျာက ပြောသည်။

မေလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တပ်မတော်နှင့်အစိုးရတို့ သုံးပွင့်ဆိုင်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း၊ ၁၈ ရက်နေ့က နိုင်ငံရေးနှင့် ၁၉ ရက်နေ့တွင် လုံခြုံရေးဆွေးနွေးခဲ့ကြကြောင်းလည်း ၎င်းကပြောသည်။

"မေလ ၃၀ မှာထပ်တွေ့ပြီး အဆင်ပြေသွားလို့ရှိရင် တတိယအကြိမ်ကျင်းပဖို့ ဆက်ပြီး ပြင်ဆင်သွား မှာဖြစ်တယ်။ အတွင်းရေးမှူးအဖွဲ့၊ လုပ်ငန်းကော်မတီ၊ UPDJC တွေ ထိုင်ရဦးမယ်။ ပြီးမှ ညီလာခံဆိုတော့ ကြားမှာ ပြင်ဆင်မှုက နှစ်ပတ်လောက် ယူရမယ့်အနေအထားရှိတယ်။ ဇွန်လလယ်ပိုင်းတော့ ကူးသွားနိုင်မယ်"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ထို့အပြင် တတိယအကြိမ်အစည်းအဝေးကျင်းပရန် ကြန့်ကြာနေရခြင်းမှာ ကျန်ရှိနေသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် ကျန်ရှိနေသေး၍ဖြစ်ကြောင်းလည်း သိရသည်။




တတိယအကြိမ်အစည်းအဝေးတွင် ဒုတိယအကြိမ်အစည်းအဝေးမှ မပြီးပြတ်သေးသည့် ပြည်နယ်များ၏ ဖွဲ့စည်းပုံရေးဆွဲခွင့်၊ ပြည်ထောင်စုမှ ခွဲမထွက်ရဆိုသည့် စကားရပ်အပေါ် ဆွေးနွေးမှုဆိုင်းငံ့ရပ်နားထားခဲ့ပြီး ယခုလာမည့်တတိယအကြိမ် ညီလာခံအစည်းအဝေးတွင် အပြီးသတ်ပြန်လည်ဆွေးနွေးမည် ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၇ မေလ ကုန်ပိုင်းက ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးမှာ မူဝါဒသဘောတူညီချက် ၃၇ ချက်ကိုပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရန် မူဘောင်ချထားသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအစည်းအဝေးကို ဒုတိယအကြိမ်ပြီးမြောက်သည့်နောက်ပိုင်း တစ်နှစ်တိတိ ကြာလာသော်လည်းကျင်းပနိုင်ခြင်းမရှိခဲ့ပေ။

Salai

# ဆန္ဒပြအဖွဲ့ ဦးဆောင်သူ သုံးဦးအမှုကို တတိယမြောက်ရုံးချိန်းတွင် စတင်စစ်ဆေးမည်



ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦး ဦး လွမ်းဇော် ဦး ဇော်ဂျတ် ဒေါ် နန်ပူ

မြစ်ကြီးနား၊ မေ ၂၁

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က အသရေဖျက်မှုဖြင့် တရားစွဲဆိုထားသော ဆန္ဒပြအဖွဲ့ ဦးဆောင်သူသုံးဦးကို မြစ်ကြီးနားမြို့နယ်တရားရုံးက မေလ ၂၈ ရက်တွင် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့်ရုံးချိန်းတွင် တရားလိုဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးကို စတင်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

တရားစွဲခံထားရသည့် ကိုဇော်ဂျတ်၊ ကိုလွမ်းဇော်နှင့် ဒေါ်နန်ပူတို့သုံးဦးအနက် ကိုဇော်ဂျတ်နှင့် ကိုလွမ်းဇော်တို့မှာ အမှုစတင်စစ်ဆေးသည့် မေလ ၁၆ ရက်နေ့က အာမခံရရှိခဲ့ပြီး ဒေါ်နန်ပူက ဒုတိယရုံးချိန်း မေ လ ၂၁ ရက်တွင် ရရှိခဲ့ကြောင်း သိရသည်။

ဒေါ်နန်ပူက သူမ၏အမှုအတွက် လိုအပ်သည်များကို ပြင်ဆင်နိုင်ရန် တရားသူကြီးထံ လျှောက်တင်ခဲ့သဖြင့် တရားသူကြီးက တစ်ပတ်အတွင်းပြင်ဆင်ရန်အချိန်ပေးခဲ့ပြီး ဒုတိယအကြိမ်ရုံးချိန်းတွင် အမှုကြားနာစစ်ဆေးမှုများ မစတင်နိုင်ခဲ့ကြောင်း သိရသည်။

ဧပြီလ ၃၀ ရက်က မြစ်ကြီးနားမြို့၌ ဆန္ဒပြခဲ့ကြသူများသည် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်အောင်ပြောဆိုခဲ့သည်ဟုဆိုကာ ကိုလွမ်းဇော်၊ဦးဇော်ဂျတ်နှင့်ဒေါ်နန်ပူတို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးက တရားလိုပြုကာ မေလ ၁၅ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ပိတ်မိပြည်သူ လွတ်မြောက်ရေးနှင့် တိုက်ပွဲများ ရပ်တန့်ရေးတို့အတွက် မြန်မာနိုင်ငံဒေသအသီးသီးတွင် ဦးဆောင်ဆန္ဒပြခဲ့ကြသဖြင့် အမှုဖွင့်ခံထားရသူ စုစုပေါင်း ၅၀ ကျော်ရှိကြောင်း သိရသည်။

ခေါင်နုတ်

# ကချင်ပြည်နယ်တွင် ဒေါ်လာငါးသန်းအထိ ရင်းနှီးမြှုပ်နှံနိုင်

မြစ်ကြီးနား၊ မေ ၂၁

ကချင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် ပြည်နယ်အစိုးရက အတည်ပြုပေးနိုင်သည့် မ’တည်ရင်းနှီးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ငါးသန်းအထိဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းပေါင်း ၁၈ ခုရှိ၍ ကချင်ပြည်နယ်တွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများကို လုပ်ငန်းအဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးသွားမည်ဟုလည်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ်အစိုးရဖွဲ့ရုံးတွင်ပြုလုပ်ခဲ့သော ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် လက်ရှိအချိန်ထိ ရင်းနှီးမြှုပ်နှံထားသည့် ငွေအရင်းအနှီးပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၈၅၂ ခန့် ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့်တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံကြားတွင် တည်ရှိသဖြင့် စီးပွားလုပ်ငန်းများကို တွင်ကျယ်စွာပြုလုပ်မည်ဆိုပါက အလားလာကောင်းသည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်က ပြောသည်။

“စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းတွေကို လေ့လာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေတိုးတက်ဖို့ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ လမ်းညွှန်မှုတွေနဲ့လုပ်နိုင်ပါတယ်”ဟုလည်း ဒေါက်တာမာလာမျိုးညွန့်မှ ဆက်လက်ပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပြည်နယ်/တိုင်း အလိုက်ပေးအပ်ခဲ့ကာ ဥပဒေပြဋ္ဌာန်းပြီးနောက် ကချင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် မှတ်ပုံတင်လျှောက်ထားသည့် ကုမ္ပဏီပေါင်း ၄၇ ခုရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်လေ့လာသိရှိလိုပါက www.dica.gov.mm ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်သည်။

စည်သူ(မြစ်ကြီးနား)




## Editorial
## အယ်ဒီတာ့အာဘော်

# နောက်တစ်ကြိမ် လွဲချော်သွားပြန်တဲ့ ပင်လုံ

ယမန်နှစ်မကုန်မီကတည်းက ဟိုလကုန်ကျင်းပနိုင်ဖွယ်ရသည်၊ ဒီလကုန်ကျင်းပမည်ဆိုတဲ့ သတင်းတွေ ရေးသားခဲ့ကြတဲ့ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ခေါ် ၂၁ ရာစုပင်လုံအစည်းအဝေးကြီး ကျင်းပရက်က နောက်တစ်ကြိမ် ထပ်မံလွဲချော်ခဲ့ပြန်ပါပြီ။

တစ်နှစ်မှာ နှစ်ကြိမ်ကျင်းပမယ်လို့ မူဘောင်ရေးဆွဲခဲ့တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲ (၂၁ ရာစုပင်လုံ ညီလာခံ) ကြီးက ဒုတိယအကြိမ် ပြီးမြောက်တာ တစ်နှစ်ကျော်ကြာလာတဲ့တိုင် တိကျသေချာတဲ့ တတိယအကြိမ်ကျင်းပရက်ကို ရွေးချယ်လို့မရသေးပါ။ ကျင်းပတော့မယ်လို့ အသံကြားတိုင်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရတဲ့ စစ်ရှောင်ပြည်သူအရေအတွက်သာ များလာပါတယ်။

၂၀၁၇ ခုနှစ်မတ်လအတွင်းမှာ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပပြီးနောက် တစ်နှစ်မှာ နှစ်ကြိမ် ကျင်းပမယ်လို့ ရေးဆွဲထားတဲ့ မူဘောင်အရ ၂၀၁၇ ခုနှစ် နှစ်ကုန်မှာ ကျင်းပဖို့ မျှော်လင့်ခဲ့ပါသေးတယ်။ အဲဒီ နှစ်ကုန်ကနေ ၂၀၁၈ ဇန်နဝါရီလကုန်ပိုင်း၊ ဖေဖော်ဝါရီလကုန်ပိုင်းဆိုတဲ့ နေ့စွဲတွေနဲ့ တဖြည်းဖြည်းရက်ရွှေ့ဆိုင်းခဲ့တာ အခုဆိုရင် ကျင်းပမယ့်ရက်က နောက်တစ်ကြိမ်ပျောက်သွားပြန်ပါပြီ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံဟာ ၂၀၁၈ ခုနှစ်အတွင်းမှာ ထူးထူးခြားခြား အောင်မြင်မှုရလိမ့်မယ်ဆိုတဲ့ NLD ရဲ့ မျှော်မှန်းချက်မှာလည်း မရေရာပြန်ပါဘူး။ နိုင်ငံတော်ရဲ့ အမျိုးသားလွတ်လပ်ရေးနဲ့အတူ ယှဉ်တွဲပေါက်ဖွားလာခဲ့တဲ့ နှစ်ပေါင်း ၇၀ ရှည်ကြာခဲ့ပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အပြီးတိုင်ချုပ်ငြိမ်းစေပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိကဦးတည်ချက်ဖြစ်ကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးကို အခြေခံသော ငြိမ်းချမ်းရေးမှတစ်ဆင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း မကြာခဏပြောဆိုတဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရည်မှန်းချက်က အစိမ်းရောင်တွေ အောက်က ရုန်းမထွက်နိုင်တဲ့ အခြေအနေတစ်ခုမှာရှိနေလေတော့ ငြိမ်းချမ်းရေးရဲ့ ရှေ့တော်ပြေးဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေးရဲ့ အလားအလာက ဝေဝါးနေဆဲပါ။

ဒီတခေါက် ဆွေးနွေးဖြစ်ရင်တော့ နိုင်ငံရေးကဏ္ဍကို အထူးဆွေးနွေးသွားမယ်လို့ ဆိုထားပေမယ့် အရင်တစ်ခေါက်က မပြီးပြတ်သေးတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံတော်မှခွဲမထွက်ရေး ဆိုတာတွေကလည်း ကျန်နေသေးတော့ ၂၀၁၈ ခုနှစ်အတွက် အနာဂတ်မျှော်မှန်းချက်ကလည်း စိတ်ပျက်အားလျော့စရာပါပဲ။

အစိုးရဘက်ကလည်း ကိုယ့်သဘောကိုယ် မဆောင်နိုင်သလို တိုင်းရင်းသားများဘက်ကလည်း သူတစ်လူ ငါတစ်မင်းခေါင်းမာမှုတွေနဲ့ ဆွေးနွေးပွဲဖြစ်မြောက်ဖို့တောင် ရေရာအောင်သတ်မှတ်လို့မရတဲ့ အခြေအနေမှာ တိုင်းရင်းသားအချင်းချင်းကြား အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်ဖို့က လူမျိုးပေါင်းစုံလင်လှတဲ့ မြန်မာပြည်အတွက် စိန်ခေါ်မှုက ကြီးမားလွန်းနေပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# မြစ်ကြီးနားဆေးရုံကြီးတွင် ခြေတုနှင့်လက်တုများ လာရောက်တပ်ဆင်ကြရန် ပြည်နယ်မသန်စွမ်းအသင်း ဖိတ်ခေါ်

မြစ်ကြီးနား၊ မေ ၂၂



အကြောင်းအမျိုးမျိုးကြောင့် ခြေလက်ပြတ်တောက်နေသည့် မသန်စွမ်းပြည်သူများကို မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံတွင် ခြေတုလက်တုတပ်ဆင်ပေးနေသည့်အတွက် တပ်ဆင်လိုသည့် မသန်စွမ်းများအနေဖြင့် အမြန်ဆက်သွယ်ကြရန် ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌဦးဂျိဇုန်းဆောင်က ပြောသည်။

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) တို့၏ အစီအစဉ်ဖြင့် တပ်ဆင်ပေးနေခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်သော်လည်း လာရောက်တပ်ဆင်သူ နည်းပါးနေသေးသဖြင့် ဖိတ်ခေါ်ရခြင်းဖြစ်သည်ဟု ဦးဇုန်းဆောင်ကပြောသည်။

"ဘာကြောင့်ခေါ်နေရလဲဆိုရင် ဒီကုသပေးခြင်းကိုသိတဲ့သူ နည်းသေးတဲ့အတွက်ကြောင့်ပါ။ မသန်စွမ်းတွေရဲ့ တစ်နေ့တာ ဖြတ်သန်းမှုဟာ အင်မတန်မှခက်ခဲလှပါတယ်။ ဒါကြောင့် အဲဒီပြဿနာကို ဝန်ဆောင်မှုပေးနေတဲ့အတွက် အမြန်ဆုံးဆက်သွယ်လာကြပါလို့ ပြောချင်ပါတယ်" ဟု ဦးဂျိဇုန်းဆောင်က ပြောသည်။

ယခင်က ခြေတု၊ လက်တုဆေးရုံအနေဖြင့် လက်ပြတ်သူများကို လက်တုတပ်ဆင်ပေးရန် နည်းပညာရှင်များနှင့် ဝန်ထမ်းအင်အားမရှိသည့်အတွက် ခြေတုကိုသာ တပ်ဆင်ပေးခဲ့သော်လည်း မေလ ၁၇ ရက်ကစပြီး လက်ပြတ်သူများကိုလည်း တပ်ဆင်ပေးနေပြီဖြစ်သည့်အတွက် လာရောက်ဆက်သွယ်ကြရန် ဖိတ်ခေါ်ခြင်းလည်းဖြစ်သည်ဟု ၎င်းက ပြောသည်။

ပြည်နယ်အတွင်းရှိ လက်ပြတ်ပြည်သူများကိုလက်အလှတပ်ဆင်ပေးခြင်းနှင့် ကိုင်တွယ် အသုံးပြုနိုင်သည့်လက်များကိုတပ်ဆင်ပေးသွားတော့မည်ဖြစ်ကြောင့် ICRC မှ မသန်စွမ်းဥက္ကဋ္ဌထံ ဆက်သွယ်အကြောင်းကြားထားပြီး ဖြစ်ကြောင်း သိရသည်။

တပ်ဆင်လိုသူများအနေဖြင့် လုံခြုံမှုရှိတဲ့ ဘောင်ဘီနှစ်ထည်၊ ဖိနပ်အပါးတစ်ရံ၊ သွားတိုက်တံ၊ သွားတိုက်ဆေး စသည့် အသုံးဆောင်ပစ္စည်းများ ယူဆောင်လာရမည်ဖြစ်ပြီး စောင်၊ ခြင်ထောင်များ ယူဆောင်လာရန် မလိုအပ်ကြောင်း၊ မြစ်ကြီးနားမြို့နှင့် ၁၅ မိုင်အထက်ဝေးသူများအား လမ်းခရီးကုန်ကျငွေနှင့် စားစရိတ်ကိုပြည်နယ်ကြက်ခြေနီအသင်းရုံးမှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံးတက်နေစဉ် စားစရိတ်နှင့် ကုသမှုစရိတ်များကိုလည်း ၎င်းတို့ဘက်မှ အကုန်အကျခံသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်ဆင်လိုသူများအနေဖြင့် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ကြက်ခြေနီအသင်းရုံး (ဆေးရုံကြီးတောင်ဘက်၊ ဇရာရပ်ကွက်၊ ဆွမ်းပရာဘွမ်လမ်းမကြီး)သို့ဖြစ်စေ၊ ပြည်နယ်မသန်စွမ်းအသင်းဥက္ကဋ္ဌ နေအိမ်(ဝိုင်းမော်မြို့ မဒိန်ကျေးရွာ အိမ်နံပတ် ၁၅၈) သို့ဖြစ်စေ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မသန်စွမ်းအသင်းဥက္ကဋ္ဌ ဦးဂျိဇုန်းဆောင်၏ ဖုန်း ၀၉၄၄၃၃၆၅၀၇၅ သို့ ဆယ်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

"ကျောင်းနေအရွယ်မသန်စွမ်းများကို ဦးစားပေးလုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းတက်တဲ့သူက ကျောင်းမှာ ပိုပြီးအခက်အခဲဖြစ်တတ်တဲ့အတွက် ဦးစားပေးလုပ်ပေးရတာ ဖြစ်ပါတယ်။ ခြေလက်မသန်စွမ်းတဲ့ ဘယ်သူမဆို အမြန်ဆုံးဆက်သွယ်ပြီး တပ်ဆင်ယူကြပါလို့ ပြောချင်ပါတယ်"ဟု ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌဦးဂျိဇုန်းဆောင်က ပြောသည်။

ထို့မျှမက ခြေတုလက်တုတပ်ဆင်ပေးပြီးနောက် လိုအပ်သည့် အထောက်အကူပစ္စည်းများနှင့် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးသွားမည်ဖြစ်သည့်အတွက် အမြန်ဆုံးဆက်သွယ်ကြရန် ဦးဂျိဇုန်းဆောင်ကပြောသည်။

မွန်းမွန်းပန်

---

# အခက်အခဲကြုံတိုင်း စိတ်မပျက်၊ အားမလျှော့ဘဲ ရှေ့ဆက်လျှောက်လှမ်းရမည်ဆိုသည့် စစ်ရှောင်စခန်းမှ တက်သစ်စအဆိုတော် TuLar IDPs



မြစ်ကြီးနား၊ မေ ၂၁

ကိုယ်ယုံကြည်ရာ ကိုယ့်ရည်မှန်းချက်ကို အခက်အခဲကြုံတိုင်း စိတ်မပျက် အားမလျှော့ဘဲ ရှေ့ဆက်ရမည်ဟု စစ်ရှောင်စခန်းမှ အဆိုတော်ဖြစ်လာသည့် ကချင်တိုင်းရင်းသားအနုပညာရှင် တက်သစ်စအဆိုတော် TuLar IDPs က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်ကိုယ်တိုင်က စစ်ရှောင်ဒုက္ခသည်တစ်ဦးပဲ။ ဒါကိုပဲ စိတ်အားငယ်နေမယ်ဆိုရင် မဟုတ်သေးဘူး။ ကိုယ်ဝါသနာပါတဲ့အရာက ဘာလဲ။ ဒါကိုသိပြီးကြိုးစားကြရမယ်။ ကိုယ့်ရဲ့ပန်းတိုင်ကို ရောက်အောင်လည်းသွားရမယ်။ ကျွန်တော် ဒီအဆိုတော်အနုပညာအလုပ်ကိုမလုပ်ခင် သုံးနှစ်ကျော်ကျော် စတူဒီယိုမှာနေပြီး ပညာတွေလေ့လာခဲ့ပါတယ်။ နောက်တော့မှ အခုလိုအပြင်အတွေ့အကြုံရယူရင်း ဒီနယ်ပယ်ကို ဝင်လာခဲ့တာပါ"ဟု TuLar IDPs က ပြောသည်။

လောလောဆယ်အခြေအနေတွင် ၎င်း၏တေးစီးရီးထွက်ရှိရေးအတွက် MTV ရိုက်ကူးလျက်ရှိကြောင်း၊ တေးသီချင်းခွေတွင် ကချင်ပြည်နယ်၏သဘာဝတောတောင်ရှုခင်းအလှများ၊ တိုင်းရင်းသားရိုးရာသံစဉ်များဖြင့် ပုံဖော်ထားကြောင်း၊ မြန်မာလိုသီဆိုထားပြီး မကြာမီကာလတွင် တေးစီးရီးခွေ ထွက်ရှိလာမည်ဖြစ်ကြောင်းလည်း သိရသည်။

TuLar IDPs အနေဖြင့် မြန်မာလို သီဆိုထားသော ၎င်း၏ "Come Back Myitkyina" အမည်ရှိသော သီချင်းကို ယခုလလယ်ကလူမှုကွန်ရက်အပေါ် လွှင့်တင်ခဲ့ရာ၊ လူငယ်အများအပြား၏ အားပေးမှုရရှိခဲ့သည်။

ဆိုင်း (ကချင်မြေ)



# ဖားကန့်တွင် ဝန်ထမ်းနှင့်ကုမ္ပဏီတို့ကြား လုပ်ခလစာအငြင်းပွားမှုပြဿနာများ ထပ်မံမဖြစ်ပွားအောင် လျှော့ချသွားမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးပြော

မြစ်ကြီးနား၊ မေ ၂၁



ဖားကန့်ရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအချို့တွင် ဝန်ထမ်းနှင့် တာဝန်ခံတို့ကြား မကြာခဏဖြစ်ပွားခဲ့သော လုပ်ခလစာအငြင်းပွားမှုပြဿနာများကို လျှော့ချနိုင်ရန် ကြပ်မတ်လုပ်ကိုင်သွားမည်ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

ကျောက်မျက်တူးဖော်ရေးကာလအကုန်တွင် လုပ်ခလစာအပြည့်အဝမရရှိမှု၊ အချိန်ပိုကြေးများ မရရှိမှုတို့ကြောင့် ကုမ္ပဏီဝန်ထမ်းများ ဆန္ဒပြတောင်းဆိုခဲ့ပြီးနောက် ထပ်မံမဖြစ်ပွားရန် ကုမဏီနှင့် ဝန်ထမ်းများကြားက သဘောတူညီချက်များကို ပြင်ဆင်ဖြည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

“လာမယ့်နှစ်တွေမှာတော့ စာရွက်ထဲမှာ တိတိကျကျဖော်ပြတော့မယ်။ တစ်ရက်ကို အလုပ်ချိန်က ၈ နာရီအဖြစ် သတ်မှတ်တယ်။ ၁၀ နာရီခိုင်းလို့ နှစ်နာရီပိုလုပ်ရရင် တစ်လကို ဘယ်လောက်ရမလဲဆိုတာကို တိတိကျကျစာချုပ်ချုပ်မယ်။ အခုပြဿနာက စာချုပ်သေသေချာချာမချုပ်တဲ့ ပြဿနာဖြစ်တယ်”ဟု ဦးကျော်စွာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

ဖြစ်ပွားခဲ့သော ပြဿနာများကိုပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ကုမ္ပဏီနှင့်ဝန်ထမ်းများ နှစ်ဖက်စလုံးတွင် အားနည်းမှုရှိကြောင်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးက သုံးသပ်ပြောဆိုသည်။

“အလုပ်သမားတွေဘက်ကလည်း ဘာအားနည်းချက်ရှိသလဲဆိုတော့ အခုကကုမ္ပဏီတော်တော်များများက သက်တမ်းကုန်တာတွေ များများလာတော့အလုပ်အကိုင်အခွင့်အလမ်းက နည်းပါးလာတာပေါ့။ အဲဒီတော့ အလုပ်ရရင်ပြီးရောလုပ်ကြရတယ်။ကုမ္ပဏီတွေဘက်ကလည်း စာချုပ်စာတမ်းတွေ၊ အချိန်ပိုကြေးတွေကို တိတိကျကျချုပ်ဆိုထားမရှိဘူး”ဟုဦးတင့်စိုးကမှတ်ချက်ပြုသည်။

ရာဇဌာနီကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုပြည့်ဖြိုးအောင်က မိမိရရှိမည့်ငွေကြေးပမာဏသည် ကျပ်သိန်း ၄၀ ခန့်ရှိသော်လည်း ၁၆ သိန်းသာပြန်လည်ရရှိခဲ့သည်ဟုမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကုမ္ပဏီဘက်မှ ယာဉ်မောင်းခ တစ်လလျှင် ကျပ်ငါးသိန်းအပြင် အချိန်ပိုကြေးကိုလည်း ထုတ်ပေးမည်ဟု ကုမ္ပဏီက စာချုပ်ချုပ်ဆိုခဲ့ပြီး ရာသီကုန်ငွေရှင်းသည့်အခါ အချိန်ပိုကြေး ပေးအပ်ခြင်းမရှိခဲ့ကြောင်း ကိုပြည့်ဖြိုးအောင်က ပြောသည်။

“ကျွန်တော်တို့ကို ငါးသိန်းနဲ့စာချုပ်ချုပ်တယ်။ တစ်လကို သုံးသိန်းအရင်ပေးတယ်။ ကျန်တာက ရာသီကုန်မှပေးမယ် ပြောတယ်။ ရာသီလည်းကုန်ရော အချိန်ပိုကြေးမပေးလို့ ပြောတယ်။ အချိန်ပိုကြေးရချင်ရင် ကျန်တဲ့လစာကို မပေးတော့ဘူးလို့ ပြောတယ်။ ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်တော့ ဒီအတိုင်းပဲ လှည့်ပြန်ခဲ့ရတယ်။ မီးရှို့တဲ့ကုမ္ပဏီတောင်ပေးသေးတယ်၊ ကျွန်တော်တို့က မရဘူး”ဟု ကိုပြည့်ဖြိုးအောင်က ရှင်းပြသည်။

မေလ ၉ ရက်မှ စတင်၍ ရတနာအဓိပတိကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှင့် ဝန်ထမ်း ၂၀၀ ကျော်တို့ လုပ်ခလစာအငြင်းပွားမှု ဖြစ်ပွားခဲ့ပြီး တာဝန်ရှိသူများက ကြားဝင်ညှိနှိုင်းပေးခဲ့ခြင်းကြောင့် လုပ်ခလစာအပြည့်အဝရရှိခဲ့သော်လည်း ရာဇဌာနီကုမ္ပဏီဝန်ထမ်းများမှာ အပြည့်အဝမရှိခဲ့ကြောင်း ကိုပြည့်ဖြိုးအောင်က ပြောသည်။

စည်သူ(မြစ်ကြီးနား)

# စစ်ရှောင်စခန်းရောက် သက်ကြီးရွယ်အိုများ အစားအသောက်အခက်တွေ့

မြစ်ကြီးနား၊ မေ ၂၃



တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ပြေးဒုက္ခသည်စခန်းမှ သက်ကြီးရွယ်အိုများသည် စစ်ရှောင်စခန်းတွင်းမှ အစားသောက်များ စားသုံးရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

တိုက်ပွဲကြောင့် အင်ဂျန်းယန်မြို့နယ် ပစစ်ဇွပ်ရွာမှ တန်ဖရဲစစ်ရှောင်စခန်းတွင်ရောက်ရှိနေသည့် အသက် ၁၁၄ နှစ်အဘွား ဒေါ်စွပ်နာခေါန်ဘူ (Supna Hkawn Bu) ကတော့ “ဆန်ကအရမ်းမာတော့ မစားနိုင်ဘူး။ ဒီမှာကျွေးတဲ့ဟင်းတွေက ဆီတွေအများကြီးနဲ့ ချက်ထားတာ။ ထမင်းဆိုလည်း စခန်းတစ်ခုလုံးက လူတွေအတွက် ချက်ပေးတယ်ဆိုတော့ မစားနိုင်ဘူး၊ အိမ်ပဲ ပြန်ချင်နေတယ်”ဟု ပြောသည်။

ထွက်ပြေးလာချိန် ရွာမှအနည်းငယ် ယူဆောင်လာခဲ့သည့် ဆန်မှာလည်း ကုန်သွားပြီဖြစ်၍ ထမင်းအတွက် အခက်အခဲဖြစ်နေသည်ဟု သမီးဖြစ်သူ အသက် ၆၀ အရွယ်ဒေါ်ထုလွမ်က ပြောသည်။

“အမေက အခုလည်းဒီကတောမှာပဲ နေခဲ့တာဖြစ်တဲ့အနေ ပြန်ပြောင်းရွှေ့ရမယ်ဆိုလို့ အရမ်းစိတ်မကောင်းဖြစ်နေတယ်။ ထမင်းလည်း မစားဘူး။ ငိုပဲငိုနေတာ။ အဆောင်သစ်ဆောက်ပြီးရင် ပြန်ရွှေ့ရမှာကို ကြောက်နေတာ. . . လူမရှိတဲ့တွက်ကြောင့် လူတွေများလာတော့ မနေတတ်ဘူးဖြစ်နေတာ”ဟု ဒေါ်ထုလွမ်က ပြောသည်။

ထို့အပြင် ထြီနီတီနှစ်ခြင်းဘုရားကျောင်းဝင်းသို့ ရောက်ရှိနေသည့် ဂဒါဇွပ်ရွာမှ အသက် ၉၁ နှစ် အရွယ် ဒေါ်ဆင်ငိုင်လုအောန်က “ထမင်းအရမ်းမာလို့မစားနိုင်ဘူး။ ထမင်းတွေမစားနိုင်တော့လို့လားမသိဘူး။ ထလိုက်ရင် ခြေသလုံးတွေလည်း တုန်လာတယ်၊ ခေါင်းတွေမူးလာတာ”ဟုပြောသည်။

၎င်းတို့ အိမ်ပြန်နိုင်ရေးကိစ္စအတွက်လည်း စိတ်ပင်ပန်းသည့်အကြောင်းကို ဆက်လက်ပြောဆိုသည်။

“အိမ်ကို အရမ်းပြန်ချင်တယ်။ ဒါပေမဲ့ ပြန်သွားလို့ ဟိုမှာရောက်တဲ့အချိန် သေနတ်သံတွေပြန်ကြားလာမှာကိုလည်း အရမ်းကြောက်တယ်၊ တစ်ခါပြန်ပြေးရမယ်ဆိုတော့လေ၊ အဘွားက လမ်းလည်းကောင်းကောင်း လျှောက်လို့မရတော့ဘူး။ တိုက်ပွဲတွေ လုံးဝမရှိတော့ဘူးဆိုရင်တော့ ပြန်ချင်တယ်။ အခုဟာက ပြန်ဖြစ်လာမှာလား၊ မဖြစ်တော့ဘူးလား မသိနိုင်ဘူးဆိုတော့ အိမ်ကိုမပြန်ရဲတော့ဘူး”ဟု အဘွားဒေါ်လုအောန်က ပြောသည်။

အက်စတာ၊ ခေါင်နုတ်

မြစ်ကြီးနားသတင်း ဂျာနယ်
( မေ ၂၅ - မေ ၃၁၊ ၂၀၁၈ )




အားလုံးအောင်ကြသည်

ကျောင်းတွေ ပြန်ဖွင့်ပြီ။ ရုပ်ရှင်ကြော်ငြာစာရွက်တွေ ဝေသလိုမျိုး အောင်လက်မှတ်တွေကိုယ်စီနဲ့ ကျောင်းသူကျောင်းသားတွေဟာ နောက်ထပ်ပညာသင်နှစ်တစ်နှစ်ဆီ ရွေ့လျားကြတော့မှာ ဖြစ်ပါတယ်။

အောင်စာရင်းထွက်တယ်လို့သာ ဆိုတာပါ။ ကျွန်တော်တို့ငယ်ငယ်တုန်းကလိုကျောင်းမှာ အောင်စာရင်းကပ်ထားတဲ့ ကြော်ညာသင်ပုန်းကို အပြေးအလွှား အလုအယက်သွားကြည့်ပြီး ပျော်ကြရ၊ ရင်ခုန်ကြရတဲ့ခံစားမှုအခုခေတ်ကျောင်းသားတွေ မရကြတော့တာ အမှန်ပါ။ ကျောင်းသားမိဘတွေလည်း သိပ်ပြီး ရင်မခုန်ကြပါဘူး။ အချိန်တန်ရင် အောင်သွားမှာပါပေါ့။

ကျောင်းသားမိဘတွေအတွက်တော့ အောင်စာရင်းကိုရင်မခုန်ကြပေမယ့် ရှေ့ဆက်မယ့်အတန်းအတွက် ကျူရှင်လခတွေအတွက်တော့ တွေးပူကြဦးမှာတော့ အမှန်ပဲ။

အာမခံပညာသင်ကြားရေးဆိုပေမယ့် ကိုယ့်သားသမီးအတွက် ဘော်ဒါဆောင်ကောင်းကောင်း အဆောင်ကောင်းကောင်းတွေဆီ ပြေးလွှားနေကြရသေးတယ်။

ဆရာ လူထုစိန်ဝင်း ရေးခဲ့ဖူးသလို ခေတ်က"ပညာကိုဟမ်ဘာဂါလို ဝယ်နေရတဲ့ခေတ်" ဖြစ်နေသေးတာပါပဲ။

## သေတ္တာထမ်းခဲ့ကြတဲ့ဆရာ/မတွေ

လေးတန်းစာမေးပွဲ၊ ရှစ်တန်းစာမေးပွဲတွေဖြေတော့ မေးခွန်းတွေ မပေါက်ကြားဖို့၊ မေးခွန်းတွေလုံခြုံဖို့ သေတ္တာတွေ မနိုင်မနင်းထမ်းခဲ့ကြရတဲ့ ဆရာ/မတွေကို ဘယ်လိုအားနာလို့အားနာရမှန်း မသိတော့ပါဘူး။ ဘယ်လိုသနားလို့ သနားရမှန်း မသိတော့ပါဘူး။

"မအောင်မနေရ" ပညာရေးစနစ်အောက်မှာ နောက်ဆုံးတော့ အားလုံးအောင်သွားကြလေသတည်း ဖြစ်သွားတာပဲ မဟုတ်လား။

"မအောင်မနေရ" မှာ တောင်ကျတဲ့သူတွေရှိနေသေးတော့ နောက်ထပ် လုပ်ချလိုက်ကြပြန်တယ်၊ "ကုစား"တဲ့။

## ပညာဆိုသည်

ဒီနေရာမှာ အလျဉ်းသင့်လို့ ဆရာကြီးဦးဖိုးကျားဖွင့်ဆိုခဲ့တဲ့ ပညာဆိုတာကို သတိရမိပါတယ်။ "မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ"မှာ ဆရာဦးဖိုးကျားက ဒီလိုဖွင့်ဆိုခဲ့ပါတယ်။

"ပညာဆိုသည်မှာ လိုအပ်သည့်အတိုင်း ယူဆရသော် (က) လက်ရုံးရည် (ခ)ပညာရည် (ဂ)နှလုံးရည် ဤသုံးပါး ပြည့်စုံခြင်းကို ဆိုရပေသည်။

(က) လက်ရုံးရည်ဆိုသည်မှာ ကိုယ်လက်ကျန်းမာတောင့်တင်းသန်မာသန်စွမ်းခြင်းကို ဆိုလိုသည်။ ဤတွင် အနာရောဂါကင်းရှင်းပြည့်ဖြိုးကျန်းမာခြင်းလည်း ပါသည်။ အပြေးအလွှား၊ ကစားခုန်စား၊ ရန်သူကိုကာကွယ်နိုင်ခြင်း စသည်တို့၌ ကိုယ်လက်ထွားကျိုင်းမာကျောကျစ်လျစ်ပေါ့ပါးလျင်မြန်သန်စွမ်းခြင်းတို့လည်း ပါပေသည်။

(ခ) ပညာရည်မှာ ဂဏန်းအတတ်၊ မြေပုံအတတ်၊ ရာဇဝင်အတတ်၊ ပို့ကဗျာ၊ လင်္ကာအတတ်၊ ဆေးကျမ်း ဓာတ်ကျမ်း၊ နီတိကျမ်း၊ ပိဋကတ်ကျမ်း စသော လောကီလောကုတ္တရာစာပေပညာအတတ်တို့ကို တတ်ခြင်း၊ အထူးသဖြင့် နှုတ်မှု၊ လက်မှု၊ စက်မှု စသော အသက်မွေးဝမ်းကျောင်းလုံလောက်သောပညာတတ်ခြင်းတို့ကို ဆိုသည်။

(ဂ) နှလုံးရည်မှာ အကျင့်စာရိတ္တ စိတ်နေစိတ်ထားကောင်းမွန်မြင့်မြတ်ခြင်းကို ဆိုသည်။ မတရားမှု၊ မကောင်းမှုမှန်သမျှကို မလိုလားရွံရှာခြင်း၊ ကောင်းမှုမှန်သမျှကို လိုလားနှစ်သက်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ဝတ္တရားကျေပွန်ခြင်း၊ မိမိနှင့်တကွ သူတစ်ပါးအကျိုးကျေးဇူးယုတ်ကို မပြုမူလို၍ အကျိုးကျေးဇူးကိုသာ ပြုလိုခြင်း၊ နှလုံးသားယဉ်ကျေး၍ သနားကရုဏာ မေတ္တာစိတ်များနှင့် ပြည့်စုံခြင်း၊ ရဲရင့်စိတ်၊ စွန့်စားစိတ်၊ ဇွဲကောင်းသော စိတ်ဓာတ်များနှင့် ပြည့်စုံခြင်းကိုဆိုလိုသည်"တဲ့။

မအောင်မနေရဆိုတာမပါရှိ။ ကုစားဆိုတာ မပါရှိ။ ပြီးတော့ ပညာရေးကြီးက ဝိဇ္ဇာကိုမသိ။ ပိုပြီးသနားစရာကောင်းတာက အထက်တန်းကျောင်းသားဘဝ ရောက်နေကြတာတောင် ကကြီးခခွေးကို အစအဆုံးမရွတ်ဆိုတတ် မရေးတတ်ဖြစ်နေကြတာကို တွေ့တွေ့နေရတာပါပဲ။ ဝမ်းနည်းစရာ တကယ်ကောင်းပါတယ်။ စိတ်ပျက်စရာ တကယ်ကောင်းပါတယ်။ မယုံရင် လိုက်ပြီးသုတေသနပြုစေချင်စမ်းတယ်။

## ဝိဇ္ဇာနဲ့သိပ္ပံ

ဒီကြားထဲ တလောတုန်းက ပညာရေးဝန်ကြီးက ပြောသွားပါသေးတယ်။ "အလယ်တန်းအဆင့်ကနေ အထက်တန်းအဆင့်ကိုတက်လာတဲ့ ကျောင်းသားကျောင်းသူ တစ်ရာမှာခုနှစ်ယောက်ပဲ သိပ္ပံတွဲယူသင့်တဲ့ အရည်အချင်းရှိပါသတဲ့။

သူပြောပုံက ကျန်တဲ့ ၉၃ ယောက်ကပဲ အရည်အချင်းမရှိတော့သလို ဖြစ်သွားပါရော။

အရည်အချင်းရှိတဲ့သူတွေသာ သိပ္ပံတွဲယူသင့်ပြီး အရည်အချင်းမရှိတဲ့သူတွေက ဝိဇ္ဇာတွဲပဲယူသင့်သလိုလို။ ဝိဇ္ဇာပညာက အရည်အချင်းမရှိတဲ့သူတွေအတွက် ဘာသာရပ်တစ်ခုခုဖြစ်နေသလိုလို။ အခုတော့ ကယောင်ချောက်ချားနဲ့ သိပ္ပံဘာသာယူမှ တော်သယောင်ယောင်လိုပညာရေးဝန်ကြီးပါးစပ်က ထွက်ကျလာတာအံ့ပါရဲ့။

သူ့စကားဟာ ဝိဇ္ဇာဘာသာရပ်ယူထားတဲ့ ကျောင်းသားကျောင်းသူတွေရဲ့နှလုံးသားထဲ ဘယ်လောက်စူးဝင်သွားနိုင်သလဲ။ ဝိဇ္ဇာဘာသာသင်ကြားနေတဲ့ ဆရာ၊ ဆရာမတွေရဲ့ဂုဏ်သိက္ခာ မထိခိုက်စေနိုင်ဘူးလား။ နေရင်းထိုင်ရင်း လက်မထောင်ရတော့မလိုလို၊ ဝိဇ္ဇာသမားက ထိုင်ငိုရတော့မလိုလို။

## ကျူရှင်ကြော်ငြာတွေ၊ ကိုယ်ပိုင်ကျောင်းကြော်ငြာတွေ

ကိုးတန်းစာမေးပွဲဖြေပြီးကတည်းက ကျူရှင်တွေ၊ ကိုယ်ပိုင်ကျောင်းတွေက ကျောင်းပေါက်ဝတွေမှာစောင့်ပြီး လက်ကမ်းကြော်ငြာတွေ ဝေကြပါတယ်။ ပြက္ခဒိန်လေးတွေ ဝေကြပါတယ်။

ဘယ်ကျောင်းမှာ ဘယ်လို၊ ဘယ်အဆောင်က ဘယ်လိုကျွေးတယ်။ ပညာရေး ဝေးသည်မရှိ။ ကျောင်းသားမိဘတွေအတွက် ရွေးချယ်မှုအခွင့်အလမ်း ဘာညာပေါ့။

ထုံးစံအတိုင်းပဲ နွေရာသီကျောင်းပိတ်ရက်မှာ ကိုယ့်သားသမီးအတွက် အဆောင်ကောင်းကောင်း၊ ကျောင်းကောင်းကောင်းကို ထားကြတယ်။ အစိုးရကျောင်းတွေမှာ ဘာကြေးညာကြေးတွေကောက်ကြတယ်။ များကြပါတယ်လို့ ပြောခဲ့ကြတဲ့သူတွေတောင် ဈေးကြီးကြီးဘော်ဒါတွေမှာထားကြတယ်။ ဈေးကြီးကြီးကျောင်းတွေမှာ အပ်ကြတယ်။ အဲဒီကျောင်းတွေကကော ကျောင်းအင်္ဂါတွေနဲ့ ညီညွတ်ကြရဲ့လား။

ကိုယ်ပိုင်ကျောင်းတွေပေါ်လာတော့ မိဘမိဘအနေနဲ့ ကိုယ့်သားသမီးပညာရေးအတွက်ရွေးချယ်ခွင့်တွေ တွေ့ကြရပြီ။ အခွင့်အရေးတွေရလာကြပြီ။ စာကျက်ချိန်တွေရကြပြီဆိုပြီး ကိုယ်ပိုင်ကျောင်းတွေဆီအပ်နှံကြပါတယ်။

တချို့ ကိုယ်ပိုင်ကျောင်းတွေက အစိုးရကျောင်းတွေထက် တကယ်ကောင်းကြပါတယ်။ တန်ရာတန်ကြေးကောက်ကြသလို တန်ရာတန်ကြေးလည်း ပြန်ပေးဆပ်ကြပါတယ်။

တချို့ ကိုယ်ပိုင်ကျောင်းတွေကတော့ စာသင်ခန်းက စာသင်ခန်းမပီသ။ ကျောင်းကကျောင်းနဲ့မတူကြ။ အစိုးရကျောင်းတွေထက် သာမယ်ထင်ပြီး ကိုယ်ပိုင်ကျောင်းအပ်ခါမှပိုဆိုးသွားကြရ။ မထူးပါဘူးဆိုပြီး ထားလက်စနဲ့ ဆက်ထား။ ဒီလိုနဲ့ လည်နေတော့တာ။

တချို့ဘော်ဒါဆောင်တွေကလည်း ကြော်ငြာအားကောင်းကောင်းနဲ့ ကြော်ငြာကြတယ်။ အစားအသောက်က ဘယ်လို။ နေရာထိုင်ခင်းက ဘယ်လိုပေါ့။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကတော့ ညည်းပြပါတယ်။ သူ့သားကို အဝေးကနာမည်ကြီးဘော်ဒါဆောင်တစ်ခုမှာ သွားထားထားတာ။ အစားအသောက်က မကောင်း။ နေရာထိုင်ခင်းက ဘယ်လို။ စစ်ပြေးဒုက္ခသည်စခန်းသာသာ အဆောင်မှာနေရလို့ သားတော်မောင်က စိတ်တွေညစ်ပြီး တစ်ဆောင်ပြီးတစ်ဆောင်ပြောင်းနေရပါသတဲ့။ ကြော်ငြာကတစ်မျိုး ဝန်ဆောင်မှုကတစ်မျိုး ဖြစ်နေပါသတဲ့။

မိဘတွေအနေနဲ့ သူများယောင်တိုင်းမယောင်ဘဲ သေချာစေ့စပ်ပြီးမှ ရွေးချယ်စေချင်တာပါပဲ။ မဟုတ်ရင် ငွေကုန်လူပန်းဖြစ်ပြီး ကိုယ့်သားသမီးပဲ စိတ်ဆင်းရဲရမှာပါပဲ။

## အစိုးရကျောင်းမှာ

တချို့တွေကတော့ အစိုးရကျောင်းတွေကို ကောက်ရိုးတစ်မျှင်လို မှီတွယ်အားကိုးနေရတုန်းပါပဲ။ ကျွန်တော်ကတော့ လွတ်လပ်တဲ့ကျောင်းသားဘဝကိုမက်မောခဲ့လို့ အစိုးရကျောင်းတွေကို ပိုသဘောကျတယ်။ အသင်းအဖွဲ့အစည်းစိတ်ဓါတ်တွေကို အစိုးရကျောင်းတွေက ပေးတယ်။ မိုးရာသီအားကစားပြိုင်ပွဲတွေကို ကျောင်းတွေကမှမြိုင်မြိုင်ဆိုင်ဆိုင်ပြုလုပ်ပေးနိုင်တာ။ ကျောင်းသားဘဝရဲ့ လွတ်လပ်တဲ့အရသာကို အစိုးရကျောင်းတွေကမှပေးနိုင်တာလို့ ယုံကြည်နေတုန်းပဲ။

အခုခေတ် ကိုယ်ပိုင်ကျောင်းအောင်တဲ့သူတွေကလည်း နောင်တစ်ချိန် ကျောင်းတော်က အလွမ်းတွေအကြောင်း ပြန်ပြောကြရင် အလွမ်းတော့ အလွမ်းပေါ့။ လွမ်းပုံချင်းတော့ မတူနိုင်တာ သေချာပါတယ်။ ပျော်စရာအလွမ်းနဲ့ပညာရေး ဖြစ်စေချင်တာပါပဲ။

ကျောင်းသားကျောင်းသူတွေ၊ ကျောင်းသားမိဘတွေအခန်းနဲ့ ဘယ်ကျောင်းတွေမှာ နေချင်သလဲ။ ကိုယ်ရွေးချယ်မှုကို အကောင်းဆုံးဖြစ်စေချင်ပါတယ်။

အစိုးရကျောင်းထားထား၊ ကိုယ်ပိုင်ကျောင်းထားထား၊ မိမိရွေးချယ်မှုကို မှန်စေချင်တာပါ။ စိတ်ဓါတ်၊ စည်းကမ်း၊ ပညာကောင်းတဲ့ ကျောင်းတွေ ဖြစ်စေချင်တာပါ။ မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်အနားညီမှ ပညာရေးတြိဂံဟာ လှပမှာ ဖြစ်ပါတယ်။

အစိုးရကျောင်းတွေတက်တယ်။ ကိုယ်ပိုင်ကျောင်းတွေ တက်တယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေတဲ့အခါမှာ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ ဗေဒင်ဆရာတွေဆီ ပြေးပြေးနေရတဲ့ ဝန်ဒုက္ခကလည်း လွတ်မြောက်စေချင်တာပါပဲ။ ။

ဆောင်းမိုးအိမ်



# ဖားကန့်မှ သက်တမ်းလွန်လုပ်ကွက်များ ဆက်လက်လုပ်ကိုင်ခွင့်ရရေး တပ်မမှူးနှင့်ညှိနှိုင်းဆောင်ရွက်နေမှုကို ဖားကန့် ဒေသလွှတ်တော်ကိုယ်စားလှယ်များဖွင့်ဟ

မြစ်ကြီးနား၊မေလ ၂၂

ဖားကန့်ဒေသအတွင်း သက်တမ်းကုန်လုပ်ကွက်များကို ဆက်လက်လုပ်ကိုင်ခွင့်ရရန် ကုမ္ပဏီများက အမှတ်(၁၀၁) တပ်မမှူးနှင့် နားလည်မှုယူ၍ လုပ်ကိုင်ဆောင်ရွက်နေကြောင်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခဲ့သည်ဟု ဦးတင့်စိုးက ပြောသည်။

"သက်တမ်းလွန်လုပ်ကွက်နဲ့ပတ်သက်ပြီးတော့ အဲဒါတွေကို သူနဲ့နားလည်မှုယူပြီးတော့ ရှယ်ယာလုပ်တယ်ဆိုတဲ့ ကိစ္စပါပဲ။ ဟုတ်ရင်ကျော်တယ် ပုပ်ရင်ပေါ်တာပါပဲ။ ဒါကတော့ ဖားကန့်တစ်နယ်လုံးသိတဲ့ကိစ္စကြီးကို။ ဒါမျိုးက ဖုံးလို့လည်း မရပါဘူး။ ကုမ္ပဏီတွေဘက်ကလည်း ကျွန်တော်တို့က တပ်မမှူးနဲ့ ဒီလိုလုပ်ပါတယ်လို့တော့ ကိုယ့်သေတွင်းကိုယ်တူးပြီး ပြောမှာမဟုတ်ဘူး။ ဒါမေမယ့် မြင်တဲ့သူကတော့ ပြည်သူတွေ အများကြီးရှိတယ်"ဟု ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဖားကန့်ဒေသနှင့် ပတ်သက်ပြီး ထိုတပ်မမှူး၏ လုပ်ဆောင်ချက်များတွင် အမှားအယွင်းများစွာ ရှိနေသည်ဟုလည်း ဖားကန့်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့်က ပြောသည်။

"ရေမဆေးကျောက်ရတဲ့ဟာတွေကိုလည်း တပ်မမှူး ငါးစုတစ်စုတို့ ဆယ်စုတစ်စုတို့ ရှယ်ယာယူနေတယ်။ ရှယ်ယာယူတဲ့အပြင်ကို ဘာလုပ်သေးသလဲဆိုရင် လမ်းမှာဂိတ်တွေမှာ တပ်ဂိတ်တွေမှာ လုံခြုံရေးအရဆို ပိုက်ဆံမကောက်ရဘူးလေ။ အနည်းဆုံး ငါးရာ တစ်ထောင်ကောက်တယ်။ လုံးခင်းကျောက်စိမ်းရုံးမှာလည်း အာဏာရှင်တစ်ယောက်လို ပါဝင်စွက်ဖက်တယ်။ ပြပွဲသွားမယ့်ဟာတွေတောင်မှ သူတို့သဘောတူညီချက်ရမှ ကျောက်ကထွက်ရတယ်"ဟု ဦးခင်မောင်မြင့်က ပြောသည်။

လက်ရှိအချိန်တွင် သက်ဆိုင်ရာ ကုမ္ပဏီများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ခေါ်ယူစစ်ဆေးနေကြောင်း ဦးခင်မောင်မြင့်၏ ပြောကြားချက်အရသိရပြီး တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်ဇံကို အရန်အင်အားအဖြစ် နေပြည်တော်သို့ ပို့ဆောင်ထားကြောင်းလည်း BBC မြန်မာပိုင်း၏ လူမှုကွန်ယက်စာမျက်နှာတွင် မေလ ၂၁ ရက်နေ့က ဖော်ပြထားသည်။

စည်သူ(မြစ်ကြီးနား)

# အခြေခံလူထုဖွံ့ဖြိုးရေးအဖွဲ့ကို မြစ်ဆုံအရှေ့ဘက်ခြမ်းရွာများတွင် တိုးချဲ့ဖွဲ့စည်း

မြစ်ကြီးနား၊ မေ ၂၀

အခြေခံလူထုဖွံ့ဖြိုးရေးအဖွဲ့(MRJ)ကို မြစ်ဆုံအရှေ့ဘက်ခြမ်းရှိ မလိယာန်ကျေးရွာတွင် မေလ ၁၈၊၁၉ရက်က ထပ်မံထိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

MRJ (Mungchying Rawt Jat)အဖွဲ့အသစ်ကို မြစ်ဆုံအရှေ့ဘက်ခြမ်းရှိဒေါင်ပန်၊ ဒွမ်ဂန်နှင့် မလိယာန် ကျေးရွာများမှ လူဦးရေ ၇၀ ခန့် ပါဝင်ကြောင်း သိရသည်။

ကချင်လူမျိုးများ၏ သမိုင်းဝင်ဖြစ်သော မလိအင်မိုင်ဇွပ် မြစ်ကြီးနားမဂ္ဂယ် မြစ်ဆုံဒေသ ထာဝစဉ်တည်ရှိရေးအတွက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားရန် ရည်ရွယ်ချက်ဖြင့်တိုးချဲ့ ဖွဲ့စည်းခြင်းဖြစ်ကြောင်း MRJ အဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဒေါ်ဂျာခေါ်န်က ပြောသည်။

"မြစ်ဆုံလည်း အခုချိန်ထိ မရပ်ဆိုင်းနိုင်သေးဘူး။ ကိုယ့်ရဲ့ဒေသကို ကာကွယ်ဖို့က လိုတဲ့အချိန်ဖြစ်တယ်။ အခုက ငြိမ်နေသလိုတော့ ရှိတယ်။ ဒါကြောင့် ကျွန်မတို့က အင်အားတွေယူရဦးမယ်"ဟု MRJ အဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဒေါ်ဂျာခေါ်န်က ဆက်ပြောသည်။

ထိုနေ့တွင် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်း မြေယာဆိုင်ရာများကိုလည်း ဒေသခံရွာသားများ၊ အမျိုးသမီး ကော်မတီများ၊ ကချင်ရိုးရာလူကြီး/လူငယ်များများနှင့် MRJ အဖွဲ့များ ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်ဟု MRJ လက်ထောက်အတွင်းရေးမှူး ဦးတန်ဂွန်းက ပြောသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ကချင်ရိုးရာဓလေ့ထုံးတမ်းမြေယာ လုပ်ထုံးလုပ်နည်းများ ကျေးရွာဒေသရှိ မြေရာဇဝင်နှင့် နောက်ခံသမိုင်း ဇရိယာပြမြေပုံများ ရေးဆွဲကာ ကချင်များ၏ သမိုင်းဝင်ပစ္စည်းနှင့် အထင်ကရ တောတောင်ရေမြေအရင်းအမြစ်များကို ရေးသားဖော်ထုတ်ကာ မပျောက်မပျက် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း သွားကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ထိုနေ့က ကချင်ရိုးရာဓလေ့ထုံးတမ်းမြေယာနှင့် လုပ်ထုံးလုပ်နည်းများကို ကာကွယ်ထိန်းသိမ်းရာတွင် ဦးဆောင်မည့် ကော်မတီများကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

MRJ အဖွဲ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ဖွဲ့စည်းခဲ့ပြီး အင်ဂျန်းယန်၊ ချီဖွေ ဒေသများတွင်လည်း ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

လဖိုင်လု

## အသုံးဝင်သော ဖုန်းနံပါတ်များ

| | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၁၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မှုးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၁၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၁၀၇ |

# မိုးညှင်းမြို့ပေါ်၌ လူသုံးများသည့် လမ်းများတွင် စည်ပင်က မီးပွိုင့် တပ်ဆင်ပေးမည်

မြစ်ကြီးနား၊ မေ ၂၀

မိုးညှင်းမြို့ပေါ်တွင် ယာဉ်အန္တရာယ်များသော လမ်းဆုံ၊ လမ်းခွများ၌ မီးပွိုင့်များတပ်ဆင်ပေးတော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ယာဉ်အန္တရာယ်အများဆုံးဖြစ်ပွားတတ်သော အထက(၁) ကျောင်းအနီးလမ်းဆုံ၊ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ လမ်းလေးခွဆုံ၊ မိုးညှင်းဟိုတယ်အနီးပြည်ထောင်စုလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီး လမ်းဆုံ၊ မြို့မဈေးကြီးအနီး လမ်းဆုံတို့တွင် တပ်ဆင်ပေးနိုင်ရန်လျာထားတွက်ချက်ထားကြောင်း မိုးညှင်းစည်ပင်ရုံးမှ သိရသည်။

မီးပွိုင့်များကို အထက်တန်းကျောင်းနှစ်ကျောင်းအနီးရှိ လမ်းဆုံများတွင် ပထမဆုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရပြီး ကျန်လမ်းဆုံလမ်းခွများကို လာမည့်ဘဏ္ဍာနှစ်မှ တပ်ဆင်ပေးမည်ဟု သိရသည်။

မီးပွိုင့် တပ်ဆင်ရန်အတွက် အရေးကြီးသော လမ်းဆုံများတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးကျော်လင်းတို့နှင့် အတူတာဝန်ရှိသူများက မေလ၁၉ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း အမှုဆောင်အရာရှိ ဦးကျော်လင်းထံမှ သိရသည်။

"ဒီနှစ်ဘတ်ဂျက်အတွင်းမှာ မိုးညှင်းမြို့ပေါ်က အရေးကြီးတဲ့ လမ်းဆုံနေရာ နှစ်ခုကို ပြီးစီးအောင် လုပ်ပေးပါမယ်။ မီးပွိုင့်ထားရှိမယ့် နေရာတွေမှာ လိုအပ်နေတဲ့ လမ်းမြေနေရာတွေကိုလည်း ထပ်ပိုးလွှာတွေနဲ့ တိုးချဲ့ပေးသွားပါမယ်။ လုပ်ငန်းလိုအပ်ချက်အရ ကျန်တဲ့ လိုအပ်မယ့်နေရာတွေကိုတော့ နောက်နှစ်ဘတ်ဂျက်မှာ ထည့်သွင်း လုပ်ဆောင်ပေးသွားပါမယ်"ဟု ဦးကျော်လင်းက ပြောသည်။

ယာဉ်ထိန်းရဲကင်းအပါအဝင် မီးပွိုင့်မီးတိုင် လေးခုတစ်စုံကို ကျပ်သိန်း ၁၀၀ ခန့် အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်ကာ ဒုတိယမီးပွိုင့်ကို ဒီဇင်ဘာလ ဒုတိယအပတ်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

ထွန်းထွန်း(မိုးညှင်း)



# မြန်မာစာပေပင်လယ်ထဲမှ မလိခမြစ်တစင်း

အင်ခိုင်ဘွမ်



ဆရာ မင်းကျော်



ဆရာ နတ်နွယ်

မလိခချောင်းသည် မြန်မာပြည်မြောက်ဖျားမှ စီးဆင်းလာပြီး မေခချောင်းနှင့်ပေါင်းစီးကာ မြစ်ကြီးဧရာအဖြစ် အသွင်ပြောင်းခဲ့သည်။ သို့သော် မြန်မာစာပေပင်လယ်အတွင်းတွင်မူ မလိခသည် မြစ်တစင်းဖြစ်သည်။ ကိုနေဝင်း၊ မင်းကျော်နှင့်နတ်နွယ်ကို စာပေလောကတွင် တြိဂံဟု သိရှိကြသည်။ ကိုနေဝင်းကွယ် လွန်သောအခါ "တြိဂံမှာ အနားတစ်ဖက် ပြုတ်သွားပြီ"ဟု ဆိုကြသည်။ မင်းကျော်က "တြိဂံမှာ အနားတစ်ဖက် မရှိတော့ပေမယ့် မျဉ်းပြိုင်နှစ်ကြောင်း ရှိနေသေးတယ်ဗျ"ဟု ဆိုသည်။ထိုကြောင်းကိုဆရာမင်းကျော်က ကချင်ပြည်နယ်စာပေဟောပြောပွဲများတွင် ထည့်ပြောခဲ့သည်။ ထို့ကြောင့် မင်းကျော်နှင့်နတ်နွယ်သည် မျဉ်းပြိုင်နှစ်ကြောင်းဖြစ်သည်။မင်းကျော်နှင့်နတ်နွယ် ပူးတွဲပိုင်ဆိုင်သည့် ကလောင်အမည်တစ်ခုမှာ မလိခဖြစ်သည်။ မလိခကလောင်အမည်ဖြင့် မင်းကျော်နှင့်နတ်နွယ် ပူးတွဲရေးသည်လည်းရှိသည်။ မင်းကျော်တစ်ဦးတည်း ရေးသည်လည်းရှိသည်။ ဥပမာ-ပျို့အညွှန်း။

မင်းကျော်နှင့် နတ်နွယ်သည် အမေရိကန်ဝတ္ထု ၅၀၊ ဗြိတိသျှဝတ္ထု ၅၀၊ ဥရောပဝတ္ထုအညွှန်း ၅၀ စာအုပ်များကို ဖတ်ခဲ့ကြသည်။ ထို့နောက် မြန်မာဝတ္ထုများကိုလည်း ထိုသို့ရေးရန် ဆုံးဖြတ်ခဲ့ကြသည်။ နှစ်ယောက်ပူးတွဲရေးရန် ကလောင်အမည်တစ်ခုကို ရွေးခဲ့ကြပြီး ထိုဘုံကလောင်အမည်မှာ မလိခဖြစ်လာခဲ့သည်။ ဆရာနတ်နွယ်က "မလိခအမည်ယူရခြင်းမှာ မလိခသည် ဧရာဝတီ၏ အဦးအစဖြစ်သဖြင့် မလိခ၏အဓိပ္ပါယ်သည် အဦးအစဟူ၍ ဖြစ်ပါသည်။ မလိခသည် မြန်မာနိုင်ငံ၏အသက်သွေးကြော ဧရာဝတီမြစ်ကြီး၏ အစအဦးဖြစ်သည်။ ထိုအချိန်တွင် မလိခနှင့် အင်မိုင်ခမြစ်နှစ်သွယ်၏အမည်ကို မေခနှင့်မေလိခဟု အရေးများနေချိန်ဖြစ်သည်။ မလိခဟူသောအမည်မှန်ကို သုံးစွဲရာတွင်လည်း မိမိတို့သည်အစအဦးတွင် ပါရှိခဲ့ကြသည်"ဟု မှတ်တမ်းတင်ခဲ့သည်။ မလိခ၏မြန်မာဝတ္ထုအညွှန်းများကို ဝေဖန်မှုများရှိခဲ့သော်လည်း မြန်မာစာပေလောကတွင် မရှိမဖြစ်အသုံးဝင်လှသည့် စာပေရည်ညွှန်းကျမ်းတစ်စောင် ဖြစ်ခဲ့သည်။

မလိခကလောင်အမည်ဖြင့် မြန်မာဝတ္ထုအညွှန်းကို ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလထုတ်စုံထောက်မဂ္ဂဇင်း(နောင်မိုးဝေမဂ္ဂဇင်း)တွင် စတင်ရေးသားခဲ့ကြသည်။ ထို့နောက် နွယ်နီမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်းနှင့် အာကာဦးမဂ္ဂဇင်းတို့တွင် ဆက်လက်ရေးသားခဲ့သည်။ မလိခ၏ မြန်မာဝတ္ထုအညွှန်းသည် မြန်မာဝတ္ထုသမိုင်းကို ခြေရာကောက်နိုင်ရန်အတွက် အသုံးဝင်လှသည့် မြန်မာရည်ညွှန်းစာအုပ်ကောင်းတစ်အုပ်ဖြစ်ခဲ့သည်။ နှစ်ပေါင်း ၄၆၀ အတွင်း ထွက်ပေါ်ခဲ့သော ထင်ရှားသည့် မြန်မာဝတ္ထု ၁၀၀ ကျော်ကို ဇာတ်ဆောင်နှင့် ဇာတ်လမ်း၊ ဝတ္ထုနှင့်စာရေးသူဟူ၍ အပိုင်း ၂ ပိုင်းခွဲကာ လေ့လာတင်ပြခဲ့သည်။ မလိခ၏ မြန်မာဝတ္ထုအညွှန်းတွင် ၁၅၁၁ ခုနှစ် ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုမှစ၍ ယနေ့ခေတ် မင်းလူ၊ ဂျူးတို့၏ ဝတ္ထုလက်ရာများအထိ ပါရှိခဲ့သည်။ ဆရာလေးကိုတင်က "မြန်မာဝတ္ထုများကို စနစ်တကျ လေ့လာသုံးသပ် အကဲဖြတ်ထားသော မြန်မာစာပေအတွက် အဖိုးတန်ဝတ္ထုကျမ်းတစ်ဆူဖြစ်ပါသည်"ဟု ဆိုခဲ့သည်။ ထိုမြန်မာဝတ္ထုအညွှန်းများကို ပုဂံစာအုပ်တိုက်၊ အားမာန်သစ် စာပေတို့မှ ထုတ်ဝေခဲ့သည်။ (ယခုအခါ မလိခစာအုပ်များကို စိတ်ကူးချိုချိုစာပေမှ ပြန်လည်ထုတ်ဝေပြီးဖြစ်သည်။)

မင်းကျော်နှင့် နတ်နွယ်သည်ဝတ္ထုအညွှန်းများကိုလေးနှစ်ခန့်ရေးသားပြီးချိန်တွင် မြန်မာစာပေအဘိဓာန်ကို ရေးသားရန် ကြံစည်ခဲ့ကြသည်။ အဘိဓာန်တည်ပုဒ်များကို ရွေးချယ်ခဲ့ကြပြီးနောက် ၁၉၇၁ ခုနှစ်တွင် စတင်ရေးသားခဲ့ကြပြန်သည်။ ဆရာနတ်နွယ်သည် မြန်မာစာပေအဘိဓာန်ကို ကဝဂ်ပြီးသောအခါ ဆရာမင်းကျော်တစ်ဦးတည်း ဆက်ရေးရန် လွှဲပေးခဲ့သည်။ ထို့ကြောင့် ဆရာမင်းကျော်သည် မလိခကလောင်အမည်ဖြင့်ပင် မြန်မာစာပေအဘိဓာန် (လေးတွဲ)၊ ပြဇာတ်အညွှန်းနှင့်ပျို့အညွှန်းတို့ကို တစ်ဦးတည်းရေးသားခဲ့သည်။ ဆရာလေးကိုတင်ကပင် "မြန်မာဝတ္ထုအညွှန်းအပြင် ပျို့အညွှန်းနှင့် မြန်မာစာပေအဘိဓာန်တို့သည် မြန်မာစာပေတွင် ဘယ်အခါမှ သေဆုံးမည်မဟုတ်သော လက်ရာများအဖြစ်ကျန်ရစ်ခဲ့လေပြီ"ဟု ဆိုခဲ့လေသည်။

ဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)က သူ၏မြန်မာစာရေးဆရာတို့၏ လျှိုကလောင်စာတမ်းတွင် "မလိခဟူသော ကလောင်အမည်သည် စာရေးဆရာမင်းကျော်နှင့် နတ်နွယ်တို့၏ ပူးတွဲကလောင်ဖြစ်ကြောင်း သိကြမည်ဖြစ်သည်။ သို့သော် စာရေးဆရာမင်းကျော်ကွယ်လွန်ပြီးခါမှ စာရေးဆရာနတ်နွယ်ကမြန်မာစာပေအဘိဓာန်ပထမတွဲကို ပြုစုသူအမှန်မှာ မင်းကျော်နှင့်နတ်နွယ် နှစ်ဦးဖြစ်ပါကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ရေးထုတ်တင်ပြခဲ့သည်။ ထို့အပြင် မလိခ၏ မြန်မာဝတ္ထုအညွှန်းဟူ၍ အတွဲ ၆ တွဲ (၆အုပ်) ထုတ်ဝေပြီးဖြစ်ခဲ့ရာ. . ."မင်းကျော်က မည်သည့်ဝတ္ထုကို ရေးသားသုံးသပ်ပြပြီး နတ်နွယ်က မည်သူ့ဝတ္ထုများကို သုံးသပ်ပြထားသည်ကို မသိသာနိုင်သေးပါ။ မင်းကျော် စာစုစာရင်းပြုစုခဲ့သူအဖို့ပင်လျှင် ကွဲပြားစွာ မခွဲခြားပြနိုင်သေးပါ။ ဤသည်မှာ ကျွန်တော်တို့ မြန်မာစာပေလောကအတွက် ပူးတွဲကလောင်ရှင်တို့၏ မူပိုင်ပြဿနာပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လျှိုကလောင်ကိစ္စ အရှုပ်တော်ပုံတစ်ခုဟုလည်း မှတ်ချက်ပြုနိုင်မည် ထင်ပါသည်"ဟု တင်ပြခဲ့သည်။


မည်သို့ပင်ဆိုစေ မလိခ၏ စာပေလက်ရာများသည် မြန်မာစာပေဘဏ္ဍာတော်တိုက်ကြီးအတွင်းမှ အဖိုးတန်စာပေလက်ရာများအဖြစ် သမိုင်းဝင်ခဲ့ပြီဖြစ်လေသည်။ တစ်နည်းဆိုသော် မလိခသည်မြန်မာစာပေပင်လယ်အတွင်းမှ အဖိုးတန်စာပေမြစ်တစင်း ဖြစ်ခဲ့လေသည်။ အဦးအစ မလိခမြစ်ပင် ဖြစ်လေသည်။

ရည်ညွှန်း-မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်(မလိခ)
မိမိနှင့်မလိခ (နတ်နွယ်)
မလိခ၏ မြန်မာဝတ္ထုအညွှန်းစာအုပ်များအကြောင်း (လေးကိုတင်)
မြန်မာစာရေးဆရာတို့၏ ကလောင် (ဦးသော်ကောင်းနှင့်အခြား. . . )









# ငှက်ပျောခြံပြုလုပ်ရန် နယ်နိမိတ် လာရောက်သတ်မှတ်သည့် စည်းရိုးတိုင်များကို နုတ်သည့် ရွာသားများကို ပြည်သူ့စစ်အဖွဲ့က ဖမ်းဆီး

ဝိုင်းမော်၊ မေ ၂၂

ဝိုင်းမော်မြို့နယ် နောင်းခူးကျေးရွာမှ တောင်သူများလုပ်ကိုင်နေသည့်မြေတွင် ဦးစိုင်းမြင့်ညိုဆိုသူမှ တရုတ်တစ်သျှူး ငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီများကိုငှားရမ်းရန် မြောင်းတူး၊ တိုင်စိုက်ကာ နယ်နိမိတ်လာရောက်သတ်မှတ်သည်ကို တောင်သူများက သွားရောက်ဖယ်ရှားသဖြင့် ဖမ်းဆီးခြင်းခံရကြောင်း သိရသည်။



အဆိုပါကျေးရွာသည် ဂွေထုကျေးရွာအောက်ဘက်ပိုင်း ရှိဝူဂန့်ဘွမ်တောင်၏ တစ်ဖက်ခြမ်းတွင်ရှိပြီး ယင်းမြေပေါ်တွင် တောင်သူများစိုက်ပျိုးထားသည့် နှစ်ရှည်ပင်များကို ဦးစိုင်းမြင့်ညိုနှင့်အဖွဲ့က ခုတ်ထွင်ရှင်းလင်းနေသဖြင့်တောင်သူများကသွားရောက်တားဆီးရာ မေလ ၂၂ ရက် ၄ နာရီခွဲခန့်တွင် ပြည်သူ့စစ်အဖွဲ့က လာရောက်ဖမ်းဆီးခြင်း ခံခဲ့ရကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီညနေက ယောကျ်ားလေးတွေအားလုံးသွားပြီး သူတို့သတ်မှတ်ထားတဲ့ တိုင်တွေကို နုတ်ကြတာ၊ ဦးစိုင်းမြင့်ညိုခိုင်းလို့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တပ်သား ၁၉ ယောက်လောက်က ဒေသခံပြည်သူအားလုံးကို ဖမ်းသွားတယ်။ နောက် ခဏကြာတော့ ဦးအာဒီးနဲ့ ဦးဒိုင်ဒေါင်ကိုပဲဖမ်းထားပြီး ကျန်တဲ့သူတွေအားလုံးကို ပြန်လွှတ်ပေးလိုက်တယ်"ဟု အမည်မဖော်လိုသူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါမြေများသည် တောင်သူများ နှစ်ပေါင်း ၂၀ ကျော်ခန့် လယ်ယာလုပ်ကိုင်ကာ နှစ်ရှည်ပင်များ စိုက်ပျိုး၍ နေထိုင်နေသည့် မြေယာများဖြစ်သဖြင့် အဆုံးရှုံးမခံနိုင်သည်ကတစ်ကြောင်း၊ ငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီများ ဝင်ရောက်လာမည်ကို အလိုမရှိသည်ကတစ်ကြောင်းတို့ကြောင့် ထိုသို့ကန့်ကွက်နေရခြင်းဖြစ်ကြောင်း ဒေသခံများ ပြောကြားချက်အရသိရသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေသခံများအဖို့ ဖြေရှင်းရန်အခက်အခဲ ဖြစ်နေပြီး ပြည်သူ့စစ်တပ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်ထားသူများကို အမြန်ဆုံးလွှတ်ပေးရန်နှင့် မြေယာများကို ပြည်သူများနှင့်ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ ဝင်ရောက်ခုတ်ထွင်ရှင်းလင်းနေမှုကို သက်ဆိုင်ရာပြည်နယ်အစိုးရမှ အမြန်ဆုံးတားဆီးပေးရန် ဒေသခံတောင်သူများက တောင်းဆိုနေကြကြောင်း သိရသည်။

ထို့အပြင် ဒေသခံတောင်သူများကို ၎င်းတို့လုပ်ငန်းလုပ်ဆောင်သည့် ၂၀၁၇ ခုနှစ်ဆန်းပိုင်းမှစပြီး လက်နက်ဖြင့် ခြိမ်းခြောက်ခြင်း၊ နှုတ်ဖြင့်ဆဲဆိုခြင်း၊ ဓားဖြင့်ခုတ်ရန်ရွယ်ခြင်း၊ တုတ်၊ လက်ဖြင့် ရိုက်ပုတ်ခြင်းများပြုလုပ်ကာ အမျိုးမျိုးခြိမ်းခြောက်ခြင်းများ လုပ်ဆောင်နေသည့်အတွက် သက်ဆိုင်ရာမှ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါရန် တောင်သူများက တောင်းဆိုနေကြသည်။

"သူတို့ အခုလိုလုပ်နေတာ ကျွန်တော်တို့တောင်သူတွေ ဒီနှစ်လယ်လုပ်ဖို့ ပျိုး ပျိုးဖို့နေရာနဲ့ကျွဲ၊ နွားစားကျက်မြေတွေမရှိတော့ဘူး။ စပါးစိုက်ဖို့အတွက် ဒီနှစ်ရေလည်းလုံလောက်မှာမဟုတ်ဘူး။ မိုးရေကဘယ်လိုမှမလောက်ဘူး။ ချောင်းရေကို အားကိုးရတယ်အခုက တစ်တောင်လုံးမှာရှိတဲ့သစ်ပင်တွေကို ရှင်းလိုက်တော့ ရာသီဥတုကပူပြီး ရေထိန်းသိမ်းပေးမယ့် သစ်ပင်မရှိတော့ဘူး"ဟု ဒေသခံများကိုယ်စားဦးလအောင်က ပြောသည်။

၎င်းနေပြည်သူ့စစ်များ၏ စိုက်ပျိုးမြေသည် ဂွေထုကျေးရွာ ဝူဂန့်ဘွမ်တောင်အထက်ဘက်ပိုင်း တစ်ဖက်ခြမ်း၌သာဖြစ်ပြီး အောက်ဘက်အပိုင်းသည် နောင်းခူးကျေးရွာ၏ မြေဧရိယာများဖြစ်သဖြင့် အဆိုပါမြေကို မည်သူ့ကိုမျှ မပေးနိုင်ကြောင်းနှင့် ငှက်ပျောခင်းပြုလုပ်ရန်အတွက်ဆိုလျှင် ပို၍ပင်ခွင့်ပြုမပေးနိုင်ကြောင်း အမည်မဖော်လိုသူ ဒေသခံတောင်သူက ပြောသည်။

တောင်သူများက ၎င်းတို့စိုက်ပျိုးထားသည့် အပင်များအတွက် နစ်နာကြေးအပြင် ထိုမြေများကိုလည်း ပြန်လည်ရရှိလိုကြောင်း ပြောဆိုထားသော်လည်း ဦးစိုင်းမြင့်ညိုက တောင်သူတစ်ဦးတစ်ယောက်နှင့်မျှ ယနေ့တိုင်လာရောက်တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ နည်းပေါင်းစုံဖြင့် ခြိမ်းခြောက်မှုများသာပြုလုပ်နေကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ထိုဒေသတွင် တောင်သူများလုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပြီဖြစ်ကာ ယင်းနေရာ၌ အခြေချနေထိုင်၍ နှစ်ရှည်ပင်စိုက်ပျိုးခြင်း၊ လယ်ယာစိုက်ပျိုးခြင်းတို့ဖြင့် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲတို့ကို မွေးမြူနေထိုင်နေသည့်အတွက် မြေယာဆုံးရှုံးသွားမည်ဆိုပါက ဒေသခံများ၏မိသားစုစားဝတ်နေရေး ပိုမိုခက်ခဲလာနိုင်သည်ဟု ဒေသခံများက ပြောသည်။

မွန်းမွန်းပန်၊ ခေါင်နုတ်

# ငှက်ပျောစိုက်ကုမ္ပဏီများ၏ ရန်ကိုကာကွယ်ရန် သစ်တောထူထောင်ခွင့်ပြုရေးရွှေညောင်ပင်ရွာသားများတောင်းဆို

ဝိုင်းမော်၊ မေ ၁၉

ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ပြည်သူများအားဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(CF)တည်ထောင်ခွင့်ပြုလက်မှတ်ကို အမြန်ဆုံး ချထားပေးစေလိုကြောင်း မေလ ၁၈ ရက်က ယင်းကျေးရွာတွင် ဒေသခံများနှင့် ခရိုင်သစ်တောဦးစီးဌာနတို့ တွေ့ဆုံစဉ်ဒေသခံများက တောင်းဆိုခဲ့ကြသည်။

ဒေသခံပြည်သူများအနေဖြင့် CF (Community Forest) တည်ထောင်ခွင့်လက်မှတ်ရရှိရန်လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်မှစ၍ အစိုးရအဆက်ဆက်ထံ တင်ပြတောင်းဆိုခဲ့သော်လည်း ယနေ့အချိန်ထိ မရရှိသည့်အတွက် CF ပြုလုပ်ရန် လျာထားသောနယ်မြေအတွင်းဝင်လာသည့် ငှက်ပျောစိုက်ကုမ္ပဏီများကို ကာကွယ်ရန် အခက်အခဲကြုံနေရသည်ဟု CF ဥက္ကဋ္ဌ ဦးဇိန်ခန်ဘောက်ကပြောသည်။

"ငှက်ပျောစိုက်ပျိုးဖို့လုံးဝအလိုမရှိဘူး။ ကျွန်တော်တို့သစ်တောအဖွဲ့ဧရိယာအတွင်း ငှက်ပျောခင်းဝင်မှုကို လုံးဝကန့်ကွက် သွားမှာပါ။ ဒါကြောင့် အစိုးရအနေနဲ့ တည်ထောင်ခွင့်လက်မှတ်ပေးဖို့တောင်းဆိုချင်ပါတယ်။" ဟုရွှေညောင်ပင်ကျေးရွာမှ CF အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဘရန်ခွမ်က ပြောသည်။

ယင်းဒေသတွင် ဒေသခံတောင်သူ ၂၆၈ ဦးလုပ်ကိုင်နေသည့် CF သစ်တောမြေဧက ၂၈၄၀ အကျယ်ရှိပြီး ထိုမြေပေါ်တွင် ယမနေ၊ တညင်းသီး၊ ပျဉ်းကတိုးနှင့် အခြားနှစ်ရှည်ပင်များ၊ ရာသီပေါ်သီးနှံပင်များ စိုက်ပျိုးကာစားဝတ်နေရေး မှီခိုနေရကြောင်း ဒေသခံများက ပြောသည်။

"ကျွန်တော်တို့က သက်ကြီးရွယ်အိုတွေလည်းဖြစ်တော့ တခြားပြန်လုပ်ဖို့ဆိုတာလည်း ခွန်အားတွေမရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ကို အဲဒီမြေတွေပေါ် စိုက်ထားတဲ့အပင်တွေကို ခုတ်ပေးလိုက်ရင် အိုစာမင်းစာအတွက် ဘယ်မှရတော့မှာမဟုတ်ပါဘူး"ဟုဦးဘရန်ခွမ်က ပြောသည်။

ထိုကျေးရွာကို CF တည်ထောင်ခွင့်လက်မှတ် ချမပေးသေးခြင်းအကြောင်းအရင်းမှာ ၁၉၉၅ ခုနှစ်ကထုတ်ပြန်ထားသည့် CF တည်ထောင်ခွင့်ဥပဒေနှင့် ၂၀၁၆ ခုနှစ်တွင် အသစ်ပြန်လည်ထုတ်ပြန်ထားသည့် CF ဥပဒေတို့ အနည်းငယ်ကွဲလွဲမှုများ ရှိနေသည့်အတွက် သစ်တောဦးစီးဌာနမှ ပြန်လည်စိစစ်ခြင်းများ ပြုလုပ်နေကြောင်း ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးနိုင်နိုင်ထွန်းက ပြောသည်။




"အရင်ဥပဒေမှာက CFမြေက အမွေဆက်ခံပိုင်ခွင့် မရှိဘူး။ ဒါပေမယ့် အသစ်ထွက်တဲ့ ဥပဒေက သားစဉ်မြေးဆက်အမွေပေးပိုင်ခွင့်ရှိတယ်။ ငှားရမ်း၊ ရောင်းချပိုင်ခွင့်တော့ မရှိပါဘူး။ ဒီနှစ်ပိုင်းဝိုင်းမော်မှာအဖွဲ့ ၃ ဖွဲ့ကို CF လက်မှတ်ပေးသွားဖို့ရှိပါတယ်"ဟု ဦးနိုင်နိုင်ထွန်းက ပြောသည်။

မည်သူမဆို သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်ကာ မြေတူးဆွခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်ခုတ်ခြင်းများပြုလုပ်ပါက သစ်တောဥပဒေအရ ငွေဒဏ် ၅၀၀၀ ဖြစ်စေ၊ ထောင်ဒဏ် ၆ လဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းနှင့် ငှက်ပျောစိုက်ပျိုးရန် လုံးဝခွင့်ပြုထားခြင်းမရှိကြောင်း ဦးနိုင်နိုင်ထွန်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်သူများအနေဖြင့် တည်ထောင်ခွင့်လက်မှတ်ရရှိရန် ၂၀၀၉ ခုနှစ်ကတည်းက ပြည်နယ်ဝန်ကြီးချုပ်နှင့် အခြား သက်ဆိုင်ရာအစိုးရဌာနသို့ အကြိမ်ကြိမ်စာတင်ပြတောင်းဆိုမှုကြောင့်မြို့နယ်အဆင့်ကွင်းဆင်းစစ်ဆေးမှုများ အကြိမ်ကြိမ် လာရောက်ပြုလုပ်ခဲ့သော်လည်း ယနေ့တိုင်ခွင့်ပြုချက်မရရှိသေးသဖြင့် အမြန်ဆုံး ခွင့်ပြုပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

မွန်းမွန်းပန်

# စာအုပ်စင်ကဏ္ဍ

**ညီထွန်းလင်း**




| ဝတ္ထုတိုများ (၂) |
|---|
| စာရေးသူ = ရဲဘုန်းခေါင် |
| ထုတ်ဝေသူ= ကျော်မွှေးစာပေ |
| တန်ဖိုး - ၂၀၀၀ ကျပ် |

မြန်မာမော်ဒန် ခေတ်ဦး ကာလတွင် မော်ဒန်အရေးအ သားများ၊ စမ်းသပ်အရေးအ သားများကို တစိုက်မတ်မတ် ရေးသားခဲ့သော၊ယခုအချိန်ထိ လည်း ခေတ်ပြိုင်ဝတ္ထုများကို အဆက်မပြတ်ရေးသားနေ သော ဆရာရဲဘုန်းခေါင်၏ ဝတ္ထုတိုများ(၂)စုစည်းမှုစာ အုပ်ဖြစ်ပါသည်။ ဆရာ့ဝတ္ထု တိုစုစည်းမှုများမှာယခုဆိုလျှင် အမှတ်(၅)ပင်ထွက်ခဲ့ပြီ ဖြစ်ပါ သည်။ အရေးအသားပုံစံ၊ စ ကားပြေဝါကျတည်ဆောက်မှု၊ အကြောင်းအရာ၊ တင်ပြပုံများ ကို အဓိကထားရေးသားတင် ဆက်တတ်သည့် ဆရာရဲဘုန်း ခေါင်၏ ယခုစာအုပ်အမှတ် (၂)မှာ ငယ်လက်ရာများဟုပြော ရမည်ထင်ပါသည်။ ၁၉၈၀ ခု နှစ်ဝန်းကျင်က ရေးသားခဲ့ သောအရေးအသားများသည် ယခုအချိန်ထိ ခေတ်မှီနေဆဲ ဖြစ်ကာ ယခုအချိန်ထိ အသစ် ဖြစ်နေဆဲ၊နားလည်ရခက်ခဲနေ ဆဲ၊ အရသာရှိနေသေးဆဲပင် ဖြစ်ပါသည်။


"တကယ်တော့လည်း လူ့ ဘဝဆိုသည်နှင့် ကျွန်မနှင့်က များစွာရင်းနှီးကိုက်ညီခြင်း မရှိ ခဲ့ပါ။ ဘဝထဲမှာ ဆက်လက်ရှင် သန်ဖြတ်သန်းနေဖို့အတွက် ရာ လိုအပ်သည်ထက်ပို၍ ကိုယ့်ကိုယ်ကိုယ် အစတေးခံ ရင်းနှီးရုန်းကန်နေရပြီဟု ခံစား နေရတတ်တာတွေ များလွန်း လာတော့လည်း လူ့ဘဝဆို သည်ကို ကြောက်ရွံ့စိတ် လုံးဝ မဖြစ်ပေါ်ပါဘဲနှင့် ထုံထိုင်းငြီး ငွေ့စက်ဆုပ်လို့သာ နေမိပြန် သည်။

လူ့ဘဝထဲမှာ အတင်းအ ကျပ် လုပ်ယူထားကြတာတွေ။ အစဉ်အလာစည်းဘောင်ဆို တာရဲ့ လွှမ်းမိုးဖိနှိပ်မှုအောက် မှာ စိတ်ဆန္ဒနှင့်ဆန့်ကျင်စွာ (ပြီးတော့ကျင့်သားရစွာ) မလွှဲ မရှောင်သာ တည်ငြိမ်ပြခဲ့ရ တာတွေ။ တစ်ခါတခါတော့ လည်း ကျွန်မတစ်ယောက် တည်း လွန်မင်းစွာ ဝမ်းနည်းမ ဆုံးရှိနေတတ်ပါသည်။

ဒါပေမဲ့လည်း သည်တစ်ခု ကတော့ဖြင့်. . . ယခုအချိန်ထိ လုပ်ယူဖန်တီးထားတာ တစ်စုံ တစ်ခုမှမပါဝင်သော၊ အေးမြ သော၊ သတိမထားမိဘဲနေလို့ မရလောက်အောင် သန့်စင်စွာ အင်အားကြီးမားသော အရာ တစ်ခုဖြစ်နေတာမို့လည်း မျက် ရည်ကျလုမတတ် နှစ်သိမ့်ခံ စားခဲ့ရ၏။ ကြေကွဲစရာမရှိခဲ့ပါ ဘူးရယ်လို့ ဘယ်လိုပဲ အား တင်းထားအားတင်းထား၊ယင်း အတွေးမှာ ဘယ်လိုမှ ခိုင်လုံမှု မရှိကြောင်း ကျွန်မသိနှင့်နေခဲ့ သည်။

တကယ်တော့လည်း သူ တစ်ပါး၏မျက်လုံးထဲမှ မျက် ချေးများအကြောင်းကို ပြော တော့မည်ဆိုလျှင် ကိုယ့်မျက် လုံးထဲမှာလည်း မျက်ချေးများ ရှိနေမလားဟု သတိရသင့်ကြ ပါသည်။( စာ-၁၁၈ မှ)

---




| မဖတ်ရသေးတဲ့ သတင်း |
|---|
| စာရေးသူ = ပေါ်ဦးသစ် |
| ထုတ်ဝေသူ= ဟစ်တိုင်စာပေ |
| တန်ဖိုး - ၂၀၀၀ ကျပ် |

ဆရာပေါ်ဦးသစ်၏ ခေတ် ပေါ်ဝတ္ထုတိုများစုစည်းမှုစာ အုပ်ဖြစ်ပါသည်။ ယခုစာအုပ် နဲ့ပတ်သက်ပြီး ဆရာပေါ်ဦး သစ်က"ကျွန်တော်တို့ယုံကြည် တဲ့ စာပေအဖွဲ့အနွဲ့ဟာ ခင် ဗျားတို့ကို ဆုံးမဖို့၊ ပညာပေးဖို့၊ သင်ခန်းစာပို့ချဖို့၊ လောကအ မြင်တစ်ခုကိုရစေဖို့ မဟုတ်ပါ ဘူး။ ကုန်ကုန်ပြောရရင် အခု ခေတ် တချို့စာပေဝေဖန်ရေး ဆရာ၊ အကဲဖြတ်ဆရာ၊ ဖတ် ညွှန်းဆရာတွေ ပြောပြောနေ ကြတဲ့ "ဝတ္ထုတစ်ပုဒ်အဆုံးမှာ တွေးစရာတွေ ချန်ထားခဲ့ တယ်"ဆိုတဲ့ သုံးသပ်ချက်မျိုး ဖြစ်စေမယ့် စကားပြေမျိုး လည်း မဟုတ်ပါဘူး။ ကျွန် တော့်ဝတ္ထုထဲက အဖွဲ့အနွဲ့တွေ ပါတဲ့ ဝါကျတွေကို အရသာခံ နိုင်ဖို့ ဝတ္ထုသဘောသဘာဝ ဖြစ်တဲ့ အကြောင်းအရာတစ်ခု ကို မဏ္ဍိုင်ပြုပြီးရေးဖွဲ့လိုက် တာပါ။ အန္တိမရည်ရွယ်ချက်က ကျွန်တော့်စကားပြေထဲက ဖွဲ့ နွဲ့ထားတဲ့ဝါကျတွေကိုဖတ်ပြီး အရသာရှိစေချင်တာပါပဲ"လို့ အမှာစာမှာ ရေးသားထားခဲ့ပါ သည်။

"သည်ကိစ္စကို ထိမ်ချန် ထားလျှင် အပြစ်ကပိုကြီးသွား နိုင်တာမို့ အိမ်အောက်ထပ်မှာ ရှိနေတဲ့ အဖေ့ကိုချက်ချင်းအ ကျိုးအကြောင်း ပြောပြလိုက် သည်။ အဲဒီညက ကျွန်မအိပ် ပျော်မချင်း အဖေ့ပါးစပ်က တ တွတ်တွတ် ဆိုပြောနေတာကို ကြားနေခဲ့ရသည်။ မတော်တ ဆဖြစ်သွားတဲ့ ကိစ္စရဲ့အပြစ် ထက်ကြီးလေးတဲ့ စကားလုံး တွေနဲ့ ကျွန်မကိုဆုံးမပြောဆို နေခဲ့သည်။ ဆုံးမတယ်လို့ ယဉ် ကျေးအောင် ပြောလိုက်ပေ မယ့် အဖေ့စကားလုံးတိုင်းမှာ ရှိသင့်တဲ့ဒေါသထက် ပိုနေ တယ်လို့ ကျွန်မထင်မိသည်။ အဲဒီညက စာမကြည့်ဖြစ်။ အိပ် ရာထဲမှာ လဲလျောင်းငိုကြွေး ရင်း အိမ်ကထွက်ပြေးချင်စိတ် ပေါက်မိသည်။ အိမ်နဲ့ဝေးရာ၊ အဖေနဲ့ဝေးရာကို ထွက်ပြေး သွားချင်မိသည်။

ဒါပေမဲ့ ထွက်ပြေးဖို့အား အင်မရှိခဲ့ပါ။ လွတ်လပ်ရာကို ကိုယ်လွတ်မရုန်းနိုင်တဲ့ အဖြစ် တွေအစား ကျွန်မ မျက်ရည် တွေခန်းသွားအောင် ငိုခဲ့ရ သည်။အိပ်ပျော်သွားတော့မှ နွမ်းနယ်စွာ အိပ်ပျော်သွားခဲ့ သည်။

ပြန်စဉ်းစားကြည့်လျှင် အ ဖေနဲ့ပတ်သက်၍ ကျွန်မ နောက်ဆုံးငိုခဲ့ရသည့် နှစ်တွေ ပဲ အတော်ကြာခဲ့ပါပြီ။ ဒီတုန်း က ဆယ်တန်းအောင်သည် တော့မဟုတ်။(စာ - ၁၁၆ မှ)

## ကဗျာကဏ္ဍ

### ချောရယ်

နှင်းတွေရယ်
မကျစမ်းနဲ့ဦး
သူလာမှ လျှောက်မယ်ဆိုတဲ့လမ်းကလေးရယ်
အိပ်နေစမ်းပါဦး
ပွင့်ဖူးဆင်နေတဲ့ နေကြာခင်းလေးရယ်
ခဏစောင့်စမ်းပါဦး
သူလာမယ်ပြောသွားခဲ့တယ်လေ

ရေခဲသေတ္တာကို ဆွဲအဖွင့်
"ဆေးသောက်မပျင်းနဲ့နော်"တဲ့
ပန်းသီးလေးတွေကို မင်းမှာထားခဲ့ပုံရတယ်

ရေအေးပေးစက်ရှေ့မှာ
သောက်ရမယ့်ဆေးကို ဆကြည့်ရင်း
ဆေးခန်းမှာ သွေးချိန်ရင်း
"ဟွန့်"တဲ့
မင်းရဲ့ တစ်ဝက်ပြုံးလေးငါမြင်မိ
တစ်ချက်ပြုံးရင်း
ပေးတဲ့ဆေးတွေမယူဘဲ
ငါထပြန်လာခဲ့တယ်
ရှုးနေတယ် ထင်ကြမှာပဲ
ဖိနပ်ရဲ့ ဘယ်နဲ့ညာလို
မင်းနဲ့ငါဟာ
တစ်ယောက်အပေါ်တစ်ယောက်အလိုရှိခဲ့တယ်

အတိုင်နွှားနဲ့ အလှည့်နွှားလို
မင်းနဲ့ငါဟာ
တစ်ယောက်အပေါ်တစ်ယောက် အလိုရှိခဲ့တယ်

ရေသောက်မြစ်နဲ့ ပန်းပွင့်ကလေးလို
မင်းနဲ့ ငါဟာ
တစ်ယောက်အပေါ် တစ်ယောက် အလိုရှိခဲ့တယ်

ဘာသာတရားနဲ့ အကြောက်တရားလို
စစ်ပွဲနဲ့ လက်နက်ကုန်သည်လို
ရဲ နဲ့ ချဲ လို
ငါတို့
တစ်ယောက်အပေါ် တစ်ယောက်
သေသေချာချာ လိုအပ်ခဲ့ပါတယ်

ဒါနဲ့များ
ဘယ်သူ ဖျက်ဆီးလို့
ပျက်မှာတဲ့လဲ
တို့ရှေ့ရေးများ
ငါ ပျော်ပါတယ်
မင်းအကြောင်း တွေးလိုက်ရုံနဲ့
ငါ ပျော်ပါတယ်

တွေးပြီးသွားရင်တော့
ဝမ်းနည်းတာပေါ့
မင်းရဲ့နှုတ်ခမ်းနီအရောင်လေး ပြေးမြင်မိတယ်

နေမကောင်းတဲ့အခါ
ငါ့လည်တိုင်ပေါ် မင်းအသက်ရှူငွေ့လေ
ဖြာဆင်းကျလာတာနဲ့ပဲ
ဆေးပေါင်းခပါတယ်ကွယ်

ကမ္ဘာမကျေလည်း ဥဒါန်းကျေပါရစေ
ကိုယ့်ရဲ့ ရိုးမြေကျလေးရယ်
ပါးစပ်ကပြောတော့စကား
နှလုံးသားမှာအပြုအမူ
ရှေ့လျှောက် မင်းစိတ်ကို မနာကျင်စေရတော့ပါဘူးကွယ်
ခိုင်ကျည်စွာ ဥဒါန်းကျူးရင့်လိုက်ပါတယ်။ ။

**ခက်သီ**

# ဝိုင်းမော်ရပ်မိရပ်ဖများက လူငယ်များအတွက် စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ပေး

မြစ်ကြီးနား၊ မေ ၂၁



ဝိုင်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန် အမှာစကားပြောကြားနေ ဓာတ်ပုံ - ဆိုင်း (ကချင်မြေ)

ဝိုင်းမော်မြို့တွင် လူငယ်များအတွက် ရည်ရွယ်ပြီး စွမ်းရည်မြှင့်သင်တန်းတစ်ခုကို ရပ်မိရပ်ဖများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသင်တန်းကို ဖွင့်လှစ်ရခြင်းမှာ လူငယ်များ ခေတ်ကာလနှင့်အညီ သိသင့်သိထိုက်သော ပညာရပ်များကို တတ်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်သည်ဟု ဖြစ်မြောက်ရေးအဖွဲ့ဝင် အလယ်တန်းပြဆရာ ဦးထက်ပိုင်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အနာဂတ်ရဲ့ မျိုးဆက်သစ် လူငယ်မောင်မယ်များအတွက် ဘက်စုံထူးချွန်ထက်မြက်တဲ့ လူငယ်တွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်ထွန်းပေါ်ထွန်းလာစေဖို့ ရည်ရွယ်ပြီး ပြုလုပ်ပေးခဲ့ကြတာပါ"ဟု ဦးထက်ပိုင်အောင်ကပြောသည်။

အဆိုပါ လူငယ်စွမ်းရည်မြှင့်သင်တန်းကို ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန် တက်ရောက်အမှာစကားပြောကြားပေးခဲ့ပြီး သင်တန်းသားအယောက် ၂၀၀ ဦးကို အင်္ဂလိပ်စာ၊ ဂီတ၊ အကနှင့် ပန်းချီပညာများကို ဧပြီလ ၂၅ ရက်မှ မေလ ၁၅ ရက်အထိ ၂၁ ရက်ကြာ ပိတ်ရက်မရှိသင်ကြားခဲ့ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

# ဝိုင်းမော်နယ်နှစ်ခြင်းအသင်းတော်သို့ အသစ်ရောက်ရှိလာသောစစ်ရှောင်များ အကူအညီလိုအပ်နေ



မလိအင်မိုင်ဝလောင် ဂျူဗလီကျေးရွာမှ စစ်ရှောင်များ

မြစ်ကြီးနား၊ မေ ၂၁

ဝိုင်းမော်နယ် နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိလာသော မလိအင် မိုင်ဝလောင် ဂျူဗလီကျေးရွာမှ စစ်ရှောင်လာသော ပြည်သူများအတွက် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ လိုအပ်နေကြောင်း စစ်ရှောင်စခန်းတာဝန်ခံဆရာတန်ဇယ်က ပြောသည်။

ဧပြီလ ၂၄ ရက်က ကေအိုင်အေတပ်မဟာ(၁) တပ်ရင်း(၄) နယ်တစ်ဝိုက်တွင် တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲဖြစ်ခဲ့၍ တိုက်ပွဲများပိုမိုပြင်းထန်လာမည်ကို ဂျူဗလီကျေးရွာမှ ဒေသခံများက စိုးရိမ်ကာ မေလ ၁၄ ရက်နေ့က ဝိုင်းမော်နယ်နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ်ရုံးသို့ တိမ်းရှောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က သွေးထွက်သံယိုမဖြစ်ခင် လုံခြုံတဲ့နေရာကို အရင်ပြောင်းရွှေ့လာတာပါ။ စစ်ဖြစ်မှ ပြောင်းရွှေ့ရင် ပိုခက်ခဲမှာဖြစ်လို့ တခြားဒေသမှာဖြစ်တဲ့ အဖြစ်အပျက်တွေကိုကြားရလို့ စောစောရှောင်လာတာပေါ့"ဟု ဂျူဗလီကျေးရွာမှ ဦးမဂေါင်တူးလိုင်ကပြောသည်။

အဆိုပါစစ်ရှောင်ပြည်သူများသည် ဝိုင်းမော်နယ်နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ်ရုံးခန်းမဆောင်တွင် ကျဉ်းကျပ်စွာနေထိုင်ကြပြီး ၎င်းတို့ရွာမပြန်နိုင်မီ ဝိုင်းမော်မြို့ရပ်ကွက်(၃)တွင် စစ်ရှောင်စခန်းလည်း တည်ဆောက်နေကြောင်း သိရသည်။

"အခု ဘာမှမစီစဉ်ရသေးဘူး။ ထောက်ပံ့မှုတွေ ရောက်မလာသေးဘူး။ အသင်းတော်တွေဆီ စုံစမ်းအကူအညီတောင်းပြီး အသင်းတော်အသီးသီးက ယုံကြည်သူတွေ အလှူ့ကျ ချက်ကျွေးပြီး ထမင်းဟင်းလာပို့နေတယ်"ဟု ဆရာတန်ဇယ်က ပြောသည်။

စစ်ဘေးရှောင်လာသူများသည်၎င်းတို့ပိုင်ဆိုင်သောအိမ်မွေးတိရစ္ဆာန်များနှင့် ခိုင်းကျွဲ/နွားများကိုစွန့်ပစ်ချန်ထားခဲ့ပြီး ထွက်ပြေးလာခဲ့ကြရသဖြင့် ၎င်းတို့ တစ်ပိုင်တစ်နိုင်သယ်ယူလာသည့် အသုံးအဆောင်များဖြင့် ဝိုင်းမော်နယ်နှစ်ခြင်းအသင်းတော်ရုံးနှင့် မိုင်းနားကက်သလစ်စစ်ရှောင်စခန်းတို့တွင် ခိုလှုံနေကြကြောင်းသိရသည်။

"ဆန်တော့ရှိတယ် ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ကုန်ခြောက်တွေ၊ ဟင်းလုပ်ဖို့အတွက် လိုအပ်နေတယ်။ သူတို့ကျန်းမာရေးကို စိုးရိမ်တယ်။ အဆောက်အဦ မြန်မြန်မဆောက်ရသေးတော့ သမ်တလင်းမှာပဲ အိပ်နေရတယ်"ဟု ဝိုင်းမော်နယ်နှစ်ခြင်းအသင်းတော်များအဖွဲ့ရုံးမှ အထွေထွေအတွင်းရေးမှူးသိက္ခာတော်ရဆရာ ဒေါင်ခေါင်က ပြောသည်။

ထိုစစ်ရှောင်စခန်းတွင် လူဦးရေ ၁၈၅ ယောက်ရှိရာ လတ်တလောတွင် ဝိုင်းမော်မြို့ရှိ နှစ်ခြင်းအသင်းတော်များနှင့် ကေဘီစီတို့မှ ဆန်များထောက်ပံ့ပေးနေပြီး စစ်ရှောင်စခန်း ၂၀၀ ကျော်ကို ထောက်ပံ့ပေးနေသော World Vision အဖွဲ့၏ အထောက်အပံ့များကို ဇွန်လတွင်မှ စတင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဆန်လတ်

## Movie View

**▶ ယခုအပတ် ဇေရာ(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

မြစ်ကြီးနားမြို့ ဇေရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၂၅ - ၅ - ၂၀၁၈ မှ ၃၁ - ၅ - ၂၀၁၈ အထိ
မြန်မာကားကို နေ့လယ် ၁၂ နာရီ ၄၅ မိနစ်မှာတစ်ကြိမ်၊ ၆ နာရီ ၄၅ မိနစ်မှာတစ်ကြိမ် - ဝုန်းပစ်လိုက်မယ်
နိုင်ငံခြားကား ညနေပိုင်း ၃ နာရီခွဲတွင် - Deadpool 2






## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၂၀၀၀ကျပ်/၁၃၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၈၀၀ကျပ် |
| အာလူး | ၁၀၀၀ကျပ် |
| ကုလားပဲ | ၁၈၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် | ၅၀၀၀ကျပ် |
| ချင်း | ၁၅၀၀ကျပ် |


www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်

( မေ ၂၅ - မေ ၃၁၊ ၂၀၁၈ )

# ကချင်ပြည်နယ် စစ်ကိုဘယ်လိုအဆုံးသတ်ကြမလဲ

သီဟသွေး ရေးသားသည်




တောင်ပေါ်မြေပြန့် အကြားညှိနှိုင်းရယူထားတဲ့ပင်လုံသဘောတူညီမှုနဲ့ ၁၉၄၈ ခုနှစ်မှာ အင်္ဂလိပ်ဆီကနေ လွတ်လပ် ရေးရယူခဲ့ပြီး ပါလီမန်ဒီမိုကရေစီ အခြေခံဥပဒေတစ်ခုအောက်မှာ နိုင်ငံထူထောင်ရေးကြိုးပမ်းခဲ့ကြပေမယ့် ဗမာနိုင်ငံရေးသမားတွေ ဦးဆောင်တဲ့စိုးရတွေရဲ့ အုပ်ချုပ်မှုအောက်မှာ တိုင်းရင်းသားတွေဟာ သာတူညီမျှမှုကို မခံစားရဘူးလို့ ခံစားလာရတာကြောင့် လွတ်လပ်ရေးရပြီး ဆယ်နှစ်တာကာလအတွင်း နိုင်ငံရေးအရ ပွတ်တိုက်ရုန်းကန်မှုတွေဖြစ်ပေါ်ပြီး လက်နက်ကိုင်ဆန့်ကျင်ပုန်ကန်မှုတွေ အထိဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအရှေ့ခြမ်း မြောက်ပိုင်းကနေ တောင်ပိုင်းအထိ ဒေသကြီးတစ်ခုလုံးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတိုင်းမှာ အစိုးရအပေါ် ဆန့်ကျင်ပုန်ကန်တဲ့ လှုပ်ရှားမှုတွေဖြစ်ပေါ်ခဲ့ပြီး အဲဒီဒေသထဲက ကချင်ပြည်နယ်ဟာလည်း စစ်ပွဲတွေ မငြိမ်းချမ်းတဲ့ ပြည်နယ်တစ်ခုအဖြစ် ၁၉၆၀ မှာ ရောက်ရှိလာခဲ့ပါတယ်။ အခု ကချင်ပြည်နယ်အတွင်းမှာ တပ်မတော်နဲ့ တိုက်ပွဲတွေဖြစ်ပွားနေတဲ့ KIO (ကချင်လွတ်လပ်ရေး အဖွဲ့) ဟာ ၁၉၆၀ မှာ စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာ့တပ်မတော်မှာ ကချင်သေနတ်ကိုင်တပ်ရင်းမှာအမှုထမ်းခဲ့တဲ့ အရာရှိဟောင်းအချို့ ပါဝင်ဖွဲ့စည်းခဲ့ပြီး လူ၃၀ လောက်နဲ့ စခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအချိန်ကာလမှာပဲ ဖယ်ဒရယ်လွတ်လပ်ခွင့်တောင်းဆိုမှုတွေ၊ တိုင်းရင်းသားအခွင့်အရေးတွေနဲ့ ပတ်သက်ပြီး မကျေနပ်မှုတွေ ဒေသတွင်း တိုင်းရင်းသားများအကြားမှာဖြစ်ပွားနေပြီး ဦးနုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာလိုက်တာကြောင့် ခရစ်ယာန်ဘာသာကို အများစုကိုးကွယ်တဲ့ ကချင်လူမျိုးများအကြားမှာ မကျေနပ်မှုဟာ အထွဋ်အထိပ်ကို ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ၁၉၆၁ မှာ KIO ဟာ ဒေသတွင်းက လူငယ်အမြောက်အများကို စည်းရုံးနိုင်ခဲ့ပြီး သူ့ရဲ့လက်ရုံးတပ် KIA (Kachin Independent Army) ကို ဖွဲ့စည်းနိုင်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအချိန်ကတည်းက ကချင်ပြည်နယ်တွင်းမှာ တိုက်ပွဲကြီးငယ်တွေ အမြဲလိုရှိနေတတ်ပြီး ဒေသအတွင်းက မြစ်ကြီးနားအပါအဝင်မြို့အတော်များများမှာ ဗုံးဖေါက်ခွဲမှုတွေ၊ ရထား၊ ကားစတဲ့ အရပ်ဘက်ပစ်မှတ်တွေအထိ တိုက်ခိုက်ကြတာတွေရှိခဲ့ပါတယ်။ အဲဒီလို KIO က လက်နတ်ကိုင်တော်လှန်ရေးစတင်ခဲ့ပြီး အစိုးရပ်တပ်မတော်နဲ့ တိုက်ပွဲတွေဖြစ်ပွားခဲ့တဲ့ နှစ်ပေါင်း ၃၄ နှစ်အတွင်းမှာ အစိုးရနဲ့ငြိမ်းချမ်းရေး ဆွေးနွေးတာမျိုးတွေလည်းရှိခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်က တော်လှန်ရေးကောင်စီနဲ့ တစ်ကြိမ် ၁၉၈၀ မှာ မဆလခေါ် ဆိုရှယ်လစ်အစိုးရနဲ့တစ်ကြိမ်ဆွေးနွေးခဲ့ကြပြီး အောင်မြင်မှုမရခဲ့ပေမယ့် နောက်ဆုံး ၁၉၉၄ ခုနှစ်မှာ နဝတတပ်မတော်အစိုးရနဲ့ပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက တော့အောင်မြင်ခဲ့ပြီး အခုကျင့်သုံးနေတဲ့ ၂၀၀၈ အခြေခံဥပဒေရေးဆွဲရာ အမျိုးသားညီလာခံမှာ KIO အနေနဲ့ ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ရပ်တန့်ခဲ့တဲ့ ၂ဘက်အကြား တိုက်ပွဲတွေဟာ ၁၇ နှစ်နီးပါးကြာ ထိန်းသိမ်းထားနိုင်ခဲ့ပြီး ၂၀၀၈ အခြေခံဥပဒေအသက်ဝင်ပြီး ဦးသိန်းစိန်အစိုးရတာဝန်ယူချိန် ၂၀၁၁ ခုနှစ်မှာ ကချင်ပြည်နယ်အတွင်း တစ်ကျော့ပြန် တိုက်ပွဲတွေဖြစ်ပွားလာခဲ့တာ အခုအချိန်ထိပဲဖြစ်ပါတယ်။

အမှန်တော့ ၁၉၉၄ က စတင်ခဲ့တဲ့ တိုင်းရင်းလက်နက်ကိုင်တွေနဲ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မတူကွဲပြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၂၀ ကျော်နဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ ကာလအတွင်း အပစ်အခတ်ရပ်စဲမှုကျိုးပေါက်ပြီးတိုက်ပွဲတွေပြန်ဖြစ်မယ့်အခြေအနေမျိုးဖြစ်တဲ့ အငြင်းပွားမှု ထိပ်တိုက်တွေ့မှုတွေ အဖွဲ့အစည်းအတော်များများနဲ့ တပ်မတော်အကြားမှာ ဖြစ်ပွားခဲ့တာတွေရှိပါတယ်။ သို့သော်လည်း အခု KIO နဲ့ ဖြစ်သလို ကြီးမားပြင်းထန်တဲ့ တိုက်ပွဲတွေဖြစ်ပွားတာမျိုးအထိမဖြစ်ဘဲ တပ်မတော်က စခန်းတွေ လိုက်လံသိမ်းယူတာမျိုးလည်း မရှိတာကို တွေ့ရပါလိမ့်မယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ KNU နဲ့ တပ်မတော်အကြား လမ်းဖောက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားမှုတင်းမာမှုတွေ ရှိခဲ့ပေမယ့် နှစ်ဘက်ခေါင်းဆောင်တွေညှိနှိုင်းဖြေရှင်းနိုင်ခဲ့တာတွေ ရပါတယ်။ သို့သော် ဘာကြောင့်များ ကချင်ပြည်နယ်မှာ KIO နဲ့တပ်မတော်အကြား ဖြစ်ပွားနေတဲ့ တစ်ကျော့ပြန်စစ်ပွဲတွေက အခုလို ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ရပ်တန့်ဖို့လမ်းစပျောက်ဆုံးနေရသလဲဆိုတာကတော့ မေးခွန်းထုတ်စရာရှိနေပါတယ်။

ပထမဆုံးသတိထားမိတဲ့ အချက်က နယ်မြေအငြင်းပွားမှုတွေ၊ မြစ်ဆုံရေကာတာကို KIO ဘက်က ကန့်ကွက်မှုတွေ ရှိခဲ့ပေမယ့် ဒီကိစ္စတွေက အခြေခံနိုင်ငံရေးပြဿနာတွေကို ကိုယ်စားပြုပေးရုံ သက်သက်သာရှိတယ်လို့ယူဆရပါတယ်။ တကယ်နောက်ကွယ်က နိုင်ငံရေးရပ်တည်ချက်တွေကို အခြေခံတဲ့ မကျေလည်မှုတွေ အားပြိုင်မှုတွေ ရှိနေသလို လက်နက်ကိုင်တပ်နှစ်ခု အကြား နှစ်ဘက်အပြန်အလှန်စစ်ကစားတဲ့အဆင့်ကို ရောက်လာကြတာကြောင့် ရပ်တန့်ဖို့ခက်ခဲတဲ့အနေအထား ရောက်ရှိလာတယ်လို့မြင်ပါတယ်။ တကယ်တော့ KIO ဟာ ၁၉၉၃ ကနေ ၂၀၀၇ ခုနှစ်အထိ ကျင်းပခဲ့တဲ့ ၁၄ နှစ်ကြာ အမျိုးသားညီလာခံမှာ နိုင်ငံရေးလိုလားချက်တွေကို စားပွဲဝိုင်းပေါ်မှာ ပုံဖော်ရယူဖို့ ကြိုးစားခဲ့ပေမယ့် လက်တွေ့ရည်မှန်းချက်တွေ ခရီးမပေါက်ခဲ့တာဟာ အခြေခံအချက်ဖြစ်ပါတယ်။ အဲဒီနောက် အပစ်အခတ်ရပ်စဲပြီး အမျိုးသားညီလာခံမှာ ပါဝင်ဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားအဖွဲ့တွေကို အစိုးရက နယ်ခြားစောင့် အသွင်ပြောင်းစီမံချက်ထဲ သွတ်သွင်းဖို့ကြိုးစားခဲ့တာကြောင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုရလဒ်ဟာ ဒီလောက်ပါပဲလားဆိုပြီး နောက်တစ်လှမ်းပြန်ဆုတ် ပြင်ဆင်ကြရာက အခုလိုဖြစ်ကုန်တဲ့သဘောပဲ ဖြစ်ပါတယ်။ ပြဿနာက ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှာ အပစ်အခတ်ရပ်စဲမှု တရားဝင်စတင်ကျိုးပေါက်ပြီးနောက်ပိုင်း စစ်ရှိန်မလျှော့နိုင်တဲ့ အကြောင်းတွေကတော့ ၂ဘက်စလုံးမှာ စစ်ရေးအရ မဟာဗျူဟာသဘောပါတဲ့ လှုပ်ရှားမှုတွေ အပြိုင်အဆိုင်လုပ်ဆောင်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ အဓိကအတိုချုပ်အနေနဲ့ ပြောရမယ်ဆိုရင် တပ်မတော်အနေနဲ့ တိုင်းရင်းသားတွေနဲ့ တိုက်ခိုက်တဲ့စစ်ပွဲတွေမှာ သာလွန်အင်အားနဲ့ ထိန်းချုပ်အနိုင်ယူနိုင်ဖို့ တာဝေးပစ်ခတ်နိုင်တဲ့ ခေတ်မှီယန္တရားတွေ လေကြောင်းစစ်ဆင်ရေးယာဉ်တွေကို ရယူတည်ဆောက်ပြင်ဆင်ပြီး ပစ်မှတ်တွေနဲ့ အနီးဆုံးချဉ်းကပ်နိုင်မှု၊ အမြန်ဆုံးရွေ့လျားမှုတွေ လုပ်နိုင်အောင် ဗျူဟာလမ်းဖေါက်တာတွေကို အချိန်တိုင်းဆောင်ရွက်နေခဲ့ပါတယ်၊ ဒါကြောင့် KIO ကလည်း လက်နက် လူသူအင်အားအရ ထိပ်တိုက် ရင်ဆိုင်တိုက်ပွဲကြီးတွေကိုရှောင်ရှားရင်း တိုက်ပွဲဧရိယာ ကျယ်ပြန့်သွားပြီး တပ်မတော်အနေနဲ့ ရင်ဆိုင်ရမယ့် စစ်မျက်နှာ အများအပြားပေါ်ပေါက်လာစေမယ့် မဟာဗျူဟာတစ်ရပ်အနေနဲ့ AA ရခိုင်အဖွဲ့နဲ့ TNLA တအာင်းပလောင်အဖွဲ့တွေကို စစ်ရေးအထောက်အပံ့ အကူအညီပေးပြီး ကချင်ပြည်နယ်အပြင် ရှမ်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်အထိ စစ်ဘောင်ကိုချဲ့ယူခဲ့ပါတယ်။ မြောက်ပိုင်း မဟာမိတ်ဖွဲ့စည်းခြင်းကိုလည်း အင်အားကြီး UWSA ဝ'အဖွဲ့အပါအဝင် MNDAA ကိုးကန့်အဖွဲ့နဲ့ပါ ပူးပေါင်းပါဝင်ဖွဲ့စည်းထားနိုင်ပြီး ဒေသတွင်း ၏ ပူးပေါင်းအင်အားတစ်ခုနဲ့ စစ်ရေးရော နိုင်ငံရေးပါပြင်ဆင်တည်ဆောက်ပြီး အိမ်နီးချင်း တရုတ်နိုင်ငံရဲ့ထောက်ထားမှုကိုပါ ရယူ ထိန်းသိမ်းထားနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် ဒီကနေ့အပြန်အလှန်စစ်ပွဲတွေရဲ့ အနေအထားကို ခြုံပြီးကြည့်ရမယ်ဆိုရင် တပ်မတော်က KIA ရဲ့ ဗျူဟာကုန်းတွေ၊ တပ်စခန်းတွေကို တိုက်ခိုက်တာ၊ သိမ်းပိုက်တာတွေ အင်အားသုံးပြီး အလျှင်အမြန်ဆောင်ရွက်နိုင်သလို KIO / KIA ဘက်ကလည်း မြောက်ပိုင်းမဟာမိတ်ဗျူဟာနဲ့ ပြောက်ကျားစစ်ပွဲငယ်တွေဖန်တီးပြီး ရှမ်းပြည်နယ်မြို့ပြဧရိယာ စီးပွားရေးပစ်မှတ်တွေအထိ တိုက်ပွဲတွေဆင်နေပါတယ်။ အခုနောက်ဆုံး အခြေအနေကတပ်မတော်ဘက်မှာလည်း တိုက်ပွဲဧရိယာ ကျယ်ပြန့်လာမှုကြောင့် ဒေသတွင်းမှာ စစ်ရှောင် ဒုက္ခသည်တွေနဲ့ ဒုက္ခသည်စခန်းတွေ အများအပြားတိုးပွားလာပြီး လူမျိုးရေးတိုက်ပွဲပုံသဏ္ဍာန် ပုံဖေါ်လာတော့မယ့်အရေးကို ရင်ဆိုင်နေတဲ့နေရာမှာ တပ်မတော်ရဲ့မဟာမိတ်ပြည်သူ့စစ်အဖွဲ့တွေ၊ KIA ကို ဆန့်ကျင်တဲ့သဘောထားအမြင်ရှိတဲ့ ရှမ်းနီ၊ လီဆူလို မဟာမိတ်တိုင်းရင်းသားမျိုးနွယ်စုနိုင်ငံရေးအင်အားစုတွေကလည်း KIO/ KIA ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ပြုလုပ်ပြီး တပ်မတော်ဘက်ကနေ နိုင်ငံရေးခုခံမှုတွေ ပြင်ဆင်လာပါတယ်။ အခုလက်ရှိရခိုင်အရေးပြဿနာတွေကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းက တပ်မတော်ကို လူမျိုးစုသုတ်သင်တဲ့ စွပ်စွဲချက်တွေ၊ စစ်ရာဇဝတ်မှုကျူးလွန်တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ဖိအားပေးနေချိန်မှာ ကချင်ပြည်နယ်တွင်း စစ်ရေးအခြေအနေတွေကလည်း ပုံစံတူ အခြေအနေတစ်ရပ်လို ဖြစ်လာနေပါတယ်။ တပ်မတော်ကလည်း ဒီပုံစံမျိုးဖြစ်အောင် KIO/KIA ဘက်က တမင်ဖန်တီးနေတယ်လို့ စွပ်စွဲထားပါတယ်။ အကြောင်းကတော့ KIA ဩဇာလွှမ်းမိုးမှုရှိတယ်လို့ယူဆရတဲ့ ဘာသာရေးအဖွဲ့အစည်းအချို့က စစ်ရှောင်ဒုက္ခသည်တွေ နေ့ရပ်ပြန်လည်နေထိုင်ရေးကို တားဆီးခဲ့တယ်လို့ မြောက်ပိုင်းတိုင်းတိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က မေလဒုတိယပတ်အတွင်းက မြစ်ကြီးနားမြို့ကိုရောက်ရှိနေတဲ့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ ခုလို အများအထင်မှားမှုတွေဖြစ်ပေါ်စေအောင် တားဆီးတဲ့ ဘာသာရေးအဖွဲ့တွေကို နောင်မှာ မတရားအသင်းပုဒ်မ ၁၇-၁ နဲ့ အရေးယူတာ

စာ - ၁၆ သို့ »

# ဆယ်မိနစ်အချိန်ပေးပြီး ကျန်းမာအောင် ဘယ်လိုလုပ်ကြမလဲ

ကျန်းမာကြံ့ခိုင်ဖို့ လုပ်ဆောင်ရမယ့်အရာတွေက အများကြီးရှိတယ်ဆိုပေမယ့် အဲဒီထဲက တော်တော်များများက လွယ်ကူပြီး အချိန်သိပ်ပေးစရာမလိုပါဘူး။ သင့်ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ဖို့ ဆယ်မိနစ်တောင် အချိန်မပေးရတဲ့နည်းလမ်းလေးတွေလည်းရှိနေပါတယ်။



**ရေဓာတ် ပြည့်ဝအောင်သောက်ပါ**

ဒါက သင့်ကျန်းမာရေးအတွက်ရော၊ ကျွန်တော့်ကျန်းမာရေးအတွက်ပါ သတိပေးရာရောက်နေပါတယ်။ တစ်နေ့ကို ရေ ၈ ဖန်ခွက်ဆိုတဲ့ ညွှန်ကြားချက်လည်း ရှိနေပါသေးတယ်။ ပုံမှန်အားဖြင့် ၂ လီတာမှ ၃ လီတာအထိသောက်ပေးရင် လုံလောက်ပါတယ်။ ဒါပေမယ့် ရာသီဥတုကြောင့် ချွေးအလွန်အကျွံထွက်တာမျိုးဆိုရင် ပိုသောက်ပေးဖို့ လိုပါတယ်။ ရေသောက်နည်းရင် ဒါမှမဟုတ် ရေဓါတ်နည်းရင် ကျောက်ကပ်ကျောက်တည်တာတွေ၊ သွေးပေါင်ကျကာ လူနွမ်းလွယ်တာတွေ ဖြစ်တတ်ပါတယ်။

**တစ်ရေးတမောအိပ်ပါ**

နေ့လယ်နေ့ခင်း ခဏတာအိပ်စက်တာက အိပ်စက်ပြီးတဲ့အခါမှာ လူကပိုပြီး တက်ကြွလာတာကို ခံစားရရုံသာမက မှတ်ဉာဏ်နဲ့ အလုပ်လုပ်နိုင်တဲ့စွမ်းရည်တွေကိုပါ တိုးတက်လာစေပါတယ်လို့ ပညာရှင်များက ဖော်ပြထားပါတယ်။




ဆယ်မိနစ်လောက် အိပ်စက်တာက ကောင်းပါတယ်။ ဒါပေမယ့် ဒီထက်ထပ်ပြီး အိပ်စက်ရင်တော့ နိုးထလာတဲ့အခါ သင့်ကိုရော ကျွန်တော့်ကိုပါ ပိုမိုပြီး နွေးကွေးလေးလံစေမှာတော့ အမှန်ပါ။



**လမ်းလျှောက်ပါ**

သန့်ရှင်းလတ်ဆတ်တဲ့လေကို ရှူရှိုက်ရတာက ရောဂါကုသမှုတစ်မျိုးပါပဲ။ သင်စိတ်ဖိစီးမှုခံစားရတဲ့အခါ ဒါမှမဟုတ် လေကောင်းလေသန့်ရှူချင်တဲ့အခါ အပြင်ထွက်ပြီး လမ်းလျှောက်တာက သင့်ရဲ့စိတ်ကိုရှင်းစေပြီး သွေးလည်ပတ်မှုကိုလည်း ကောင်းစေမှာပါ။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးတဲ့အခါ အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအဆစ် နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်နိုင်ပါတယ်။ လမ်းလျှောက်ခြင်းက သွေးတိုးကျစေတယ်၊ စိတ်ကို ပျော်ရွှင်ကျန်းမာစေတယ်၊ အရိုးများကြံ့ခိုင်သန်စွမ်းစေတယ်၊ အဝမလွန်အောင်လည်း ထိန်းသိမ်းထားနိုင်တယ်၊ သွေးတွင်းသကြားဓါတ်ကိုလည်း ကျစေပါတယ်၊ နောက်ပြီး လမ်းလျှောက်တာကို အသက်အရွယ်မရွေး လူတန်းစားမရွေး ဆောင်ရွက်နိုင်ပါတယ်။

"အသက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့" ဆိုတဲ့ ဆောင်ပုဒ်တစ်ခုနဲ့အညီ ရောဂါဘယကင်းစင်ပြီး အသက်ရှည်ကျန်းမာစေဖို့ မိသားစုတစ်ခုလုံး နေ့စဉ်ပုံမှန်လမ်းလျှောက်ကြပါစေကြောင်း အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ချက်ကို ပြန်လည် မျှဝေပေးလိုက်ပါတယ်။

ဆိုင်း (ကချင်မြေ)

## ကျောက်စိမ်းသင်တန်း

**ကျောက်စိမ်းနှင့်အထိအတွေ့အဆက်အစပ်မရှိဘဲ ကျောက်စိမ်းလောကဝင်ရောက်လိုသူများအတွက် "သတင်းကောင်း"**

**သင်ကြားမည့်ဘာသာရပ်များ**

၁၊ ကျောက်အခွံ (ခေါင်းခြင်း) ဘာသာရပ်
၂၊ ကျောက်သား သင်ကြားခြင်း ဘာသာရပ်
၃၊ ကျောက်သား အရောင်တင်ခြင်းဘာသာရပ်
၄၊ ကျောက်ပွင့်ထုတ် အရောင်တင်နည်းဘာသာရပ်

သင်တန်းကြာချိန် - တစ်ရက်လျှင် (၂) နာရီ
နေရာ - ကျွန်းပင်သာ (၂၉၃) မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ဖော်ဂျွန်းလမ်းမဘေး
ဖုန်း - ၀၉-၄၄၈၈၁၁၁၀၇၊ ၀၉၇၉၃၈၁၄၉၅၉ (ကျောက်ဘုရင်၊ ကျောက်သွေး/ကျောက်ဖြတ်)

**သင်တန်းကာလ (၁) လသင်ကြားမည်**
**သင်တန်းကြေး (၂) သိန်းကောက်ခံပါမည်။**

တနင်္ဂနွေနေ့တိုင်းဆိုင်ပိတ်သည်

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |

## ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

**မနောရှေစင် တိုင်းရင်းရိုးရာအထည်ဆိုင်**
ဝန်ထမ်း မ(၂)ဦး အလိုရှိသည်။

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

**ရွှေရုပ်လှာ Beauty Saloon**
အမျိုးသမီးဝန်ထမ်း (၁၀)ဦး

**ဥမ္မာဖိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၇၃၃၂၊
၀၉ ၇၆၇၁၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

**မယ်မဒီ**
စက်ချုပ်ကျွမ်းကျင် မ (၅) ဦးအလိုရှိသည်

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၄၇၃၆၅၀၁

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Ah Fang (Beauty Saloon)**
ဝန်ထမ်းအလိုရှိသည်။

❑ အလုပ်အကိုင်ရှာဖွေနေသူများ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခွပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

## Airport Taxi ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၁၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၁၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၁၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

မြစ်ကြီးနားသတင်းဂျာနယ်
( မေ ၂၅ - မေ ၃၁၊ ၂၀၁၈ )

စာ - ၁၄ မှ »

တွေလုပ်မယ်လို့လည်း သူက ပြောခဲ့ပါတယ်။ အခုဆိုရင် စစ်ရှောင်ဒုက္ခသည် တိုးပွားပေါ်ပေါက်နေတဲ့ ပြဿနာတွေ၊ စစ်ပွဲရပ်တန့်ရေး ဆန္ဒပြလှုပ်ရှားမှုတွေ၊ အစိုးရအုပ်ချုပ်ရေးဘက်က တားဆီးဖိနှိပ်မှုတွေ ဖြစ်ပေါ်နေတာကြောင့် ကချင်စစ်ပွဲရဲ့ ဂယက်ရိုက်မှုက ဒေသခံတိုင်းရင်းသားပြည်သူတွေဆီကို နက်နက်ရှိုင်းရှိုင်း ရိုက်ခတ်မှုတွေ ရှိလာနေပါတယ်။ ဒီအခြေနေတွေကို အကောင်းဆုံးအဆုံးသတ်ပြီး မြောက်ပိုင်းဒေသတွင်းက KIO/KIA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ငြိမ်းချမ်းရေးစကားဝိုင်းဆီ ပြန်ရောက်လာဖို့ဟာ လမ်းမမြင်ကမ်းမမြင် အခြေအနေမှာ ရောက်ရှိနေတာပဲဖြစ်ပါတယ်။ ဒါဆိုတကယ်ပဲ မြောက်ပိုင်းဒေသမှာ ငြိမ်းချမ်းရေးဟာ လမ်းဆုံးနေပြီလားဆိုတာကို တွေးတောရင်း ဒီအခြေအနေက ရုန်းထွက်နိုင်မယ့် အဖြေအချို့ကို ကြိုးစားထုတ်ကြည့်ချင်ပါတယ်။

ဒီနေရာမှာ အခုလို KIO/KIA နဲ့ တိုက်ပွဲတွေပြန်လည်ဖြစ်ပေါ်နေတာဟာ KIO က ဝန်ပေါင်ကချင်နိုင်ငံထူထောင်ရေး တစ်နည်းပြောရရင် ခွဲထွက်ရေးကို ရည်ရွယ်ချက်ထားရှိနေတဲ့ အကြောင်းရင်းခံကြောင့်ဖြစ်တယ်လို့ တပ်မတော်က ယူဆထားတဲ့အတွက် ဒီအခြေအနေကကျော်လွှားဖို့ NCA ကတော့ တစ်ခုတည်းသောဆုံးချက်လို ဖြစ်နေပါတယ်။ မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်တေဇကျော်ရဲ့ အဆိုအရ KIO က ခွဲထွက်ရေး ရည်ရွယ်တယ်၊ အစိုးရအာဏာစက် သက်ရောက်မှုမရှိအောင် ဒေသတွင်း အရပ်ဘက်အုပ်ချုပ်ရေးလုပ်ငန်းတွေကို နှောင့်ယှက်တားဆီးနေတယ်၊ အခွန်ကောက်ခြင်းနဲ့ လူသစ်စုဆောင်းခြင်းတွေက ပြည်သူလူထုအပေါ် ဝန်ထုတ်ဝန်ပိုးဖြစ်စေတယ်ဆိုတဲ့အချက်တွေဟာ တပ်မတော်ဘက်က တိုက်ပွဲတွေဖော်ဆောင်ဖို့ အဓိကအကြောင်းပြချက်တွေ ဖြစ်တယ်လို့ ယေဘူယျအားဖြင့် ယူဆရမှာဖြစ်ပါတယ်။ ဒါကြောင့် စစ်ရှိန်လျှော့ချဖို့ဆိုတာ ပထမဆုံး KIO အနေနဲ့ NCA ကို ဦးတည်ချက်ပြန်ထားဖို့ လိုပါတယ်။ ဒါဟာ KIO အတွက်ခက်ခဲမယ်ဆိုတာတော့သေချာပါတယ်။ ဒါပေမယ့်တကယ်တမ်း NCA ထိုးရင် ဘယ်သူ့အကျိုးရှိလည်းဆိုတာ အသေအချာပြန်စဉ်းစားရင် တပ်မတော်အကျိုးစီးပွားကနည်းပါးတာကို တွေ့ရပါလိမ့်မယ်။ တကယ်တန်း တိုင်းရင်းသားအားလုံး NCA အောက်မှာ တစ်ညီတစ်ညွတ်တည်းရှိမှာကို တပ်မတော်က နိုင်ငံရေးအရ ပိုကြောက်လိမ့်မယ်လို့ယူဆပါတယ်။ မြေပေါ်နိုင်ငံရေးမှာ ဖြစ်တည်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အသေအချာကြည့်မယ်ဆိုရင် အခုလို တိုက်ပွဲတွေဖြစ်နေတာဟာ နိုင်ငံရေးမှာရပ်တည်နေတဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍကို ပိုပြီးအားကောင်းစေသလို ကျန်တိုင်းရင်းသားတွေ လျှော့က်လှမ်းမှုတွေ အတွက်လည်း တုန့်ဆိုင်းမှုတွေဖြစ်စေပါတယ်။ တကယ်တန်း တိုင်းရင်းသားအားလုံး ပါဝင်ရေး all inclusiveness ကို အားတစ်ခုလို့ယုံကြည်ရင် အဲဒီအားကို ဘယ်အရာကတားဆီးနေတာလဲ၊ အဲဒီနေရာကိုမသွားနိုင်အောင် ဘယ်အရာကတားဆီးနေတာလဲ ဆိုတာ ကြည့်နိုင်ရင် မြင်နိုင်ပါလိမ့်မယ်။ ဒီနေရာမှ သည်းခံနိုင်ခြင်းဟာ အောင်ပွဲဆီသွားတဲ့ လမ်းမှန်ဖြစ်ပြီး မခံချင်စိတ်ကတော့ လမ်းမှားကို ပို့နေတယ်ဆိုတာကိုတော့ ထောက်ပြချင်ပါတယ်။ မခံချင်စိတ်တွေကိုဖြစ်ပေါ်စေတဲ့ စစ်ရေး၊ နိုင်ငံရေး အားပြိုင်မှုတွေကို မလျှော့ချနိုင်ပဲနဲ့တော့ ပြည်နယ်ငြိမ်းချမ်းရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ လမ်းမမြင်ဘူးလို့ ပြောချင်ပါတယ်။ နောက်တစ်ချက်က ပြည်နယ်အတွင်း နေထိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေအကြား ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ရေးဖြစ်ပါတယ်။ အခုအချိန်မှာ စစ်ကစားမှုတွေကြောင့် လူမျိုးရေးအမြင်တွေကို ဘက်အသီးသီးက မီးပေါင်မြှင့်နေကြပါတယ်။ ဒါဟာ ငြိမ်းချမ်းရေး၊ ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးရဲ့ အခြေခံဖောင်ဒေးရှင်းကို ဖျက်ဆီးပစ်နေတဲ့ သဘောပဲဖြစ်ပါတယ်။ ဒါကြောင့် စစ်ရပ်တန့်ရေးဟာ အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံးဆောင်ရွက်ရမယ့် အရေးကိစ္စဖြစ်ပါတယ်။ ဘေးထွက်ဆိုးကျိုးက အလွန်ကြီးမားပါတယ်။ ဒါကြောင့် KIO လို ပြည်နယ်အနာဂတ်တွက် ရည်မှန်းချက်ကြီးကြီးမားမားရှိတဲ့အဖွဲ့အစည်းအနေနဲ့ ကချင်ပြည်နယ်တစ်ခုလုံးကို ပြည်ထောင်စုသားတွေအားလုံး စုပေါင်းနေထိုင်ရာ ပြည်နယ်တစ်ခုအဖြစ်သဘောထားပြီး ဒေသတွင်းကတိုင်းရင်းသားအားလုံးနဲ့ သဟဇာတဖြစ်တဲ့နိုင်ငံရေးရည်မှန်းချက်ထားဖို့ လိုပါတယ်။ အဲဒီရည်မှန်းချက်ကိုလည်းထင်ရှားအောင် ပြသဖို့လိုပါတယ်။ ဒါကြောင့် လူမျိုးရေး၊ ဘာသာရေး အခြေခံတဲ့ လှုံ့ဆော် စည်းရုံးမှုတွေ ရှောင်ရှားဖို့လိုပါတယ်။ နောက်တစ်ချက်က KIO ရဲ့ လုပ်ငန်းလမ်းစဉ်မှာ နိုင်ငံရေးအရတည်ဆောက်ရေးကို ပိုပြီးရည်သန်ဖို့လိုပါတယ်။ ဒါကြောင့် နိုင်ငံရေးနယ်ပယ်မှာ ဒီထက်ပိုပြီး မိမိရည်မှန်းချက်ကို ရောက်ရှိနိုင်တဲ့လမ်းကြောင်းတွေ ရှာဖွေလုပ်ဆောင်သင့်ပါတယ်။ ဒီနည်းလမ်းဟာလည်း ရွေးကောက်ခံအစိုးရနဲ့ ပိုပြီးနီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နိုင်မယ့်လမ်းလည်း ဖြစ်ပါတယ်။ KIO ဟာ NCA စာချုပ်စတင်ရေးဆွဲစဉ်ကတည်းက ပါဝင်ခဲ့တာဖြစ်လို့ ခွဲထွက်ရေးဟာ KIO ရဲ့ Hidden Agenda မဟုတ်လောက်ဖူးလို့ယုံကြည်ပါတယ်။ ဒါကြောင့် တပ်မတော်နဲ့အစိုးရကို မယုံကြည်စေဦးတော့ အခြားသောလက်မှတ်ထိုးပြီး နိုင်ငံရေးဆွေးနွေးနေတဲ့ တိုင်းရင်းသားတွေ ဘက်က အားဖြည့်ပါဝင်ဖို့စဉ်းစားပြီး တော်လှန်ရေးပုံစံကနေ တည်ဆောက်ရေးအမြင်နဲ့ ချဉ်းကပ်မှုအသစ်တစ်ခုကို ပြောင်းလဲစတင်သင့်ပြီလို့ မြင်ပါတယ်။ တကယ်တန်း KIO အနေနဲ့ ရယူရမယ့်အားကတော့ အစိုးရနဲ့ နိုင်ငံရေးဆွေးနွေးနေကြတဲ့ အခြားတိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။ သို့သော်လည်း အဲဒီနေရာကို ကိုယ်ကစပြီး ဘယ်လိုချဉ်းကပ်မလဲဆိုတာက အရေးကြီးပါတယ်။ လက်ရှိအစိုးရအနေနဲ့ ငြိမ်းချမ်းရေးမှာ ဦးဆောင်နိုင်စွမ်းမရှိဘဲ အခြေအနေပေးသလောက်သာ လုပ်နိုင်တာ အားလုံးအမြင်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခုလို တိုက်ပွဲတွေရှိနေလို့ အခြေခံဥပဒေအရ ဒေသတွင်းလုံခြုံရေးအခြေအနေတွေကို တပ်မတော်ကသာ စီမံခန့်ခွဲခွင့်ရထားပြီး အစိုးရအနေနဲ့ လက်လှမ်းမမှီဖြစ်နေတဲ့ အနေအထားမှာ အစိုးရအကူအညီ မရနိုင်တာကိုလည်း သဘောပေါက်သင့်ပါတယ်။ အစိုးရသစ်အပေါ် မျှော်လင့်ချက်ကြီးကြီးထားပြီး ထင်သလိုဖြစ်မလာတာတွေဟာ ငြိမ်းချမ်းရေးနယ်ပယ်တစ်ခုတည်းမှာ ဖြစ်နေတာမဟုတ်ဘူးဆိုတာလည်း သတိချပ် စေချင်ပါတယ်။ ဒါကြောင့် အားလုံးပေါင်းစည်းလုပ်ဆောင် နိုင်ရေးအတွက်နည်းလမ်းရှာသင့်ပါတယ်။

နောက်ဆုံး နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ KIO အပါအဝင် ကချင်အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေဟာ မိမိဒေသတွင်းအပြောင်းအလဲ တစ်ခုတည်းကိုပဲ အာရုံမစိုက်ဘဲ တစ်ဘက်မှာလည်း တိုင်းပြည်တစ်ခုလုံးရဲ့ အပြောင်းအလဲကိုပါ မျှတွေးပြီး လုပ်ဆောင်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ဒါမှ ပြည်နယ်တွင်းအပြောင်းအလဲအတွက် ဖော်ဆောင်လှုပ်ရှားမှုဟာ တိုင်းပြည်တစ်ခုလုံးအတွက်ဖော်ဆောင်နေတဲ့ အပြောင်းအလဲဖော်ဆောင်လှုပ်ရှားမှုတွေနဲ့ အပြန်အလှန်အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အကြံပေးချင်တာတစ်ခုက ကချင်တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ ပြည်မက နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေရဲ့အားကို ရယူပြီး နိုင်ငံရေးနည်းနဲ့ လှုပ်ရှားဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ပြည်မနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတွေကို ကြည့်မယ်ဆိုရင် လက်နက်နဲ့အာဏာကို စိုးမိုးထားနိုင်မှုဟာ အဆုံးသတ်မှာ ကျဆုံးသွားရပြီး အများပြည်သူရဲ့ ဆန္ဒသည်သာ နောက်ဆုံးမှာ အောင်ပွဲခံရတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ပြည်သူ့ဘဝနဲ့အတွေးအခေါ်တွေကို မြှင့်တင်ပေးပြီး ပြည်သူနဲ့အတူ ပြည်သူ့ဆန္ဒနဲ့ ရပ်တည်အောင်မြင်ခြင်းသည် သာဂုဏ်ကျက်သရေအရှိဆုံး၊ သမိုင်းအလှဆုံး နိဂုံးအဖြေပဲဖြစ်ပါတယ်။ လက်နက်အင်အားနဲ့ အနိုင်ရစိုးမိုးထားနိုင်ခြင်းဟာ အခြေအနေတစ်ရပ်သာဖြစ်ပြီး အောင်မြင်မှုလို့ခေါ်ဆိုလို့မရနိုင်ဘူးဆိုတာ ဒီကနေ့ မြေပေါ်နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတွေမှာ ကြည့်မြင် သင်ခန်းစာယူနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်တွင်းမှာ မှီတင်းနေထိုင်ကြတဲ့ KIO အပါအဝင် အခြားအဖွဲ့အစည်းတွေဖြစ်ကြတဲ့ ပြည်သူ့စစ်၊ အထူးအုပ်ချုပ်ရေးဒေသက အဖွဲ့အစည်းတွေအားလုံး ကိုယ့်ဒေသပြောင်းလဲရေး ကိုယ့်လုပ်ပိုင်ခွင့်အချုပ်အခြာတည်မြဲရေးတစ်ခုတည်းကိုမကြည့်ဘဲ ဒေသတွင်းက အရောင်အသွေးစုံလှတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး သဟဇာတရှိရှိ အတူတကွငြိမ်းချမ်းစွာ နေထိုင်နိုင်ကြမယ့်၊ ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို အာမခံနိုင်မယ့် နိုင်ငံရေးပန်းတိုင်တစ်ခုကို ရှေ့ရှုရည်မှန်းကြည့်ကြမယ်ဆိုရင် ကချင်ပြည်နယ်တွင်းတင်မက တိုင်းပြည်ရဲ့ နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ တင်းမာမှုတွေ၊ ရန်စောင်မှုတွေဟာလည်း အမှန်တကယ်ချုပ်ငြိမ်းပြီး စစ်မီးလောင်စာလည်း အမှန်တကယ်ခြောက်ခမ်းသွားမှာဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။

**ကချင်ပြည်နယ်တွင်း စစ်မီးအမြန်ဆုံးရပ်တန့်နိုင်ပြီး ငြိမ်းချမ်းရေးကိုပြန်လည်ရှေ့ရှုနိုင်ကြပါစေ. . .။**

■

Scholarship Info

# Naushawng Alumni Research Grant

NSEN/ NCS ကျောင်းသားဟောင်းများ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်စေရန်နှင့် သုတေသီများ ပိုမိုပေါ်ထွက်လာစေရန် ရည်ရွယ်၍ Naushawng Development Institute (NDI)မှ ပေးအပ်သော Alumni Research Grant အား NSEN/ NCS ကျောင်းသူ၊ ကျောင်းသားဟောင်းများ လျှောက်ထားနိုင်ပါသည်။ ယခုနှစ်အတွက် သုတေသီငါးဦးကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ မေလ ၂၈ ရက် ၂၀၁၈ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက alumni.naushawng@gmail သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# Chancellor's Scholarship Full Tuition Fee

England နိုင်ငံရှိ University of the West of England (UWE) မှ Post Graduate Degree အတွက်ပေးအပ်သော Full Tuition Fee scholarship (100%) ကိုလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ May 31, 2018 ဖြစ်ပါသည်။ Online မှ တစ်ဆင့်လျှောက်ထားနိုင်မည့် Website မှာ https://welcome.uwe.ac.uk/live/sits.urd/run/siw_lgn ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://mentorks.net/2018/03/05/chancellors-scholarship-university-west-endland-full-tuition-fee/တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



# ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဂျိုဇန်းဆောင်နှင့် အင်တာဗျူး



**ဘယ်အချိန်ကတည်းက ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ဖွဲ့စည်းခဲ့ပါသလဲ။**

ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းအသင်းကို လွန်ခဲ့တဲ့ ၂၀၀၅ ခုနှစ်ကစပြီး ၂၀၁၁ ခုနှစ်အထိ ဝိုင်းမော်မြို့နယ်အဆင့် ဖွဲ့စည်းပြီးနေခဲ့တယ်။ ၂၀၁၂ ခုနှစ်ကစပြီး ယခုအချိန်အထိ ပြည်နယ်အဆင့်အနေနဲ့ ဖွဲ့စည်းခဲ့တာ အခုဆိုရင် ၇ နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်အတိုင်းအတာနဲ့ အဖွဲ့ဝင်ဦးရေဘယ်နှယောက်လောက်ရှိလဲရှင့်။**

ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းအသင်း ဝင်လူဦးရေ စုစုပေါင်း ၇၀၀ နီးပါးရှိပါတယ်။ အသင်းမဝင်သေးတဲ့သူတွေနဲ့ ပေါင်းရင်တော့ ၁၀၀၀ ကျော်ရှိပါတယ်။

**အဲဒီနှစ်တွင်အတွင်းမှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့နေခဲ့ရသလဲ။ ဘာတွေလိုအပ်နေသလဲ။**

၁၄ နှစ်အတွင်းမှာ ကျွန်တော်တို့ မသန်စွမ်းသူများဟာ သာမာန်လူတွေလို မသွားနိုင်၊ မလာနိုင်၊ မလုပ်နိုင်ဘူး။ ဝိုင်းမော်လမ်းပေါ်မှာ ရုံးခန်းလိုချင်ခဲ့တာ အခုချိန်ထိ ကျွန်တော်တို့ မသန်စွမ်းအသင်းက ပိုက်ဆံမရှိလို့ မရသေးဘူး။ ရုံးမြေရရှိရေးနဲ့ပတ်သက်ပြီး အစိုးရအဆက်ဆက်ကို ၄ နှစ်တောင် အကူညီတောင်းဆိုမှုတွေရှိခဲ့ပေမယ့်လည်း မသန်စွမ်းနည်းဥပဒေ မထွက်ရှိသေးတဲ့အတွက် မကူညီဘူးလို့ပြောပါတယ်။ ဘယ်သူမှလည်းမကူညီဘူး။ သွားလာရေးအတွက် ကားလည်းမရှိ၊ ရုံးလည်းမရှိတော့ မသန်စွမ်းတွေကို စောင့်ရှောက်တဲ့အခါမှာ အခက်အခဲများစွာရှိနေပါတယ်။ အခုက ရုံးကိုကျွန်တော် အိမ်မှာပဲ ယာယီ လုပ်ထားပါတယ်။ အသင်းရုံး၊ ကား၊ အသင်းအတွက် လိုအပ်တဲ့အသုံးအဆောင် ပစ္စည်းပရိဘောဂတွေလိုအပ်ပါတယ်။

**ကိုယ်အင်္ဂါမသန်စွမ်းနည်းဥပဒေ ဘာကြောင့် အခုထိမထွက်ရှိနိုင်သေးတာလဲ။**

အကြောင်း အမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ခဲ့ရတဲ့ မသန်စွမ်းတွေရှိနေတဲ့အတွက် မသန်စွမ်းကာကွယ်ရေး စောင့်ရှောက်ရေးဥပဒေ ထွက်ရှိထားတာကြာပြီဖြစ်ပေးမယ့် နည်းဥပဒေမထွက်လာသေးတော့ အစိုးရပိုင်းဆိုင်ရာဘက်က ဘာအကူအညီမှ မရတာကို တွေ့ရတဲ့အတွက် မသန်စွမ်းနည်းဥပဒေ အမြန်ဆုံးထွက်ရှိဖို့ မျှော်လင့်ပါတယ်။ အစိုးရက လေးလေးနက်နက် စဉ်းစားပြီး အမြန်ဆုံး ကူညီဆောင်ရွက်ပေးပါလို့ ကျွန်တော်အနေနဲ့ တောင်းဆိုချင်ပါတယ်။

**ကချင်ပြည်နယ်ကိုယ်အင်္ဂါ မသန်စွမ်းအသင်း ၇ နှစ်ပြည့်အခမ်းအနားတုန်းက ပြည်နယ်အစိုးရကို ဘာတွေတောင်းဆိုမှုတွေ ရှိခဲ့သလဲ။ ပြည်နယ်အစိုးရကဘယ်လိုတွေ ကတိတွေပေးခဲ့သလဲ။**

ပြည်နယ်အစိုးရတက်ပြီးနောက် ၂ နှစ်အတွင်းမှာ ကျွန်တော်တို့မသန်စွမ်းကို ဒီ ၇ နှစ်ပြည့်အခမ်းအနားမှာပြည်နယ်ဝန်ကြီးချုပ်နဲ့ ပထမဆုံးအကြိမ်တွေ့ဆုံခွင့်ပေးလို့ ဝမ်းသာခဲ့ရပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်က ကျွန်တော်တို့ကို တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးသွားမယ်လို့ ကတိပေးခဲ့တာ ကျွန်တော်တို့ မသန်စွမ်းတွေ မျှော်လင့်နေပါတယ်။ ကမ်းမမြင် လမ်းမမြင် ဖြစ်နေတဲ့ ကျွန်တော်တို့မသန်စွမ်းတွေကို ကူညီပေးကြပါလို့ တောင်းဆိုချင်ပါတယ်။ လူနာပို့ဆောင်ရေးတွေ ပြုလုပ်ရတဲ့အတွက် မဖြစ်မနေလိုချင်ပါတယ်။

**အစိုးရဘက်က မသန်စွမ်းပညာတတ်တွေကိုခေါ်ပြီး အလုပ်ခန့်တာတွေ ရှိသလား။ ဘယ်လိုအလုပ်တွေခန့်သလဲ။**

မရှိသလောက် နည်းပါတယ်။ ကချင်ပြည်နယ်မှာကျွန်တော်တို့မသန်စွမ်းဘွဲ့ရပညာတတ်တွေရှိပါတယ်။ ဒါပေမယ့် ပညာရေးဌာနနဲ့ တချို့ဌာနမှာ မသန်စွမ်းတွေဟာ သင်တန်းပိုင်းဆိုင်ရာမှာ မလုပ်နိုင်ဘူးဆိုပြီး အလုပ်မခန့်ကြပါဘူး။ အချို့ဌာနမှာရုံးစာရေးလုပ်နိုင်ဖို့ အသနားခံစာတင်ပြီး ဝင်လုပ်တာတွေရှိတယ်။ အားနည်းချက်အားသာချက်တွေ ရှိနေတဲ့အတွက် နည်းနည်းပါးပါးပဲ ချို့ယွင်းသူတွေကို ရုံးဘက်ဆိုင်ရာ အလုပ်အကိုင်ရရှိရေးမှာ အစိုးရအနေဖြင့် ဦးစားပေးအနေနဲ့ အလုပ်လက်ခံပေးကြပါလို့ တောင်းဆိုချင်ပါတယ်။

**ပြည်နယ်အတွင်းမှာ ဘွဲ့ရတဲ့သူ၊ ဆယ်တန်းအောင်ပြီးသူ မသန်စွမ်းဘယ်နှစ်ဦးရှိလဲ။**

စုစုပေါင်း ၂၀ ကျော်လောက်ရှိတယ်။ နိုင်ငံခြားကိုအလုပ်သွားလုပ်တဲ့ မသန်စွမ်းတွေလည်းရှိပါတယ်။ သူတို့လုပ်ရတဲ့အလုပ်တွေက ရုံးပိုင်းဆိုင်ရာမှာလုပ်တဲ့သူ များပါတယ်။ အခုလက်ရှိမှာလည်း သူငယ်တန်းကနေ တက္ကသိုလ်အထိတက်တဲ့သူတွေ ရှိပါတယ်။

**မသန်စွမ်းတဲ့သူတစ်ဦးအနေနဲ့ ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းအသင်းဝင်ဖြစ်ဖို့ ဘာတွေလိုအပ်ပါသလဲ။**

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းအသင်းဝင်တစ်ဦးဖြစ်ဖို့ မိမိရဲ့ဓာတ်ပုံ ပတ်စပို့ပုံ ၃ ပုံလိုတယ်။ ကိုယ်ရေးအချက်အလက်အပြည့်အစုံဖြည့်ပြီး ရန်ကုန်ရုံးချုပ်ကို ပို့ရပါတယ်။ ကဒ်ဖိုး ပိုက်ဆံ ၃၀၀၀ ထည့်ရမှာပါ။

**အသင်းဝင်တစ်ဦးဖြစ်သွားပြီဆို အသင်းကဘာတွေလုပ်ပေးလဲရှင့်။**

မသန်စွမ်းတစ်ဦးအနေနဲ့ ဘာတွေချို့ယွင်းနေသလဲဆိုတာကို တစ်ကိုယ်လုံးပုံပို့ပြီး လိုအပ်တဲ့ပစ္စည်းတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ စိတ်ဓာတ်မြင့်တင်ရေး သင်တန်းတက်ခွင့်ရှိမယ်။ ဖျားနာရင်လည်း ဆေးကုသမှုပိုင်းမှာ ကူညီစောင့်ရှောက်မှုတွေ ခံရမယ်။ ကျောင်းနေအရွယ်ဆိုရင် ကျောင်းပညာသင်ကြားခွင့်နဲ့ အတူ ထောက်ပံ့ငွေတွေရရှိမှာဖြစ်ပါတယ်။ သေဆုံးသွားရင်လည်း ပြန်တမ်းစာဖတ်ပေးတာတွေ ခံစားရမှာဖြစ်ပါတယ်။

**ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းအသင်း ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ မသန်စွမ်းတွေနဲ့ပတ်သက်ပြီး ဘာတွေထပ်ပြောပြချင်ပါသေးသလဲ။**

ပြည်နယ်အတွင်းမှာရှိတဲ့သူတွေအနေနဲ့ အတတ်နိုင်ဆုံး ကျွန်တော်တို့အသင်းနဲ့ ဆက်သွယ်လာပါ။ အတတ်နိုင်ဆုံး သူတို့ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နားမကြား၊ မျက်မမြင်၊ ခြေလက်မသန်တဲ့သူတွေ ဉာဏ်ရည်မသန်စွမ်းသူ၊ ပိုလီယို၊ လေဖြတ်သူတွေ အစရှိတဲ့မသန်စွမ်းအားလုံးကို ကျွန်တော်တို့ ရန်ကုန်ရုံးချုပ်ကနေပြီးတော့ ဖွင့်လှစ်ထားတဲ့ လက်မှုပညာသင်တန်းနဲ့ အခြားမိမိနဲ့ကိုက်ညီတဲ့သင်တန်းတွေကို စေလွှတ်ပေးနေပါတယ်။ နိုင်ငံခြားတွေကိုလည်း စေလွှတ်မှုတွေလည်းပြုလုပ်ပေးပါတယ်။ ပြီးတော့ အစိုးရဌာနဆိုင်ရာတွေနဲ့ပုဂ္ဂလိက အဖွဲ့အစည်းရုံးတွေမှာ မသန်စွမ်းတွေ သွားလာနိုင်ဖို့လမ်းတွေ (မြန်မာနိုင်ငံမြို့ကြီးများနှင့် ပြည်ပနိုင်ငံများတွင် သီးသန့်ထားရှိပေးသလို လှေကားနဲ့မတက်နိုင်တဲ့သူတွေအတွက် ဘီးတပ်ကုလားထိုင် သွားနိုင်မယ့်လမ်း)ကို လုပ်ပေးဖို့လည်းမျှော်လင့်ပါတယ်။

**ဘာကြောင့် သွားလာဖို့လမ်းတွေလိုအပ်နေတာလဲ။**

လူ ၁၀၀ မှ ၉၀ ရာခိုင်နှုန်းက မသန်စွမ်းထဲမှာ ပါဝင်လာမယ့်သူတွေဖြစ်တယ်လို့ပြောရဲပါတယ်။ ဒါကြောင့် အမြဲတမ်းပြင်ဆင်မှုတွေပြုလုပ်ထားရမှာဖြစ်တယ်။ ကား၊ ဆိုင်ကယ်တွေစီးပြီး ခြေထောက်လက်ကျိုးနိုင်ပါတယ်။ အသက်ကြီးလာရင်အလိုလိုနေရင်း မသန်စွမ်းထဲပါဝင်လာတတ်တယ်။ လူတိုင်းအတွက် နေ့စဉ်မသန်စွမ်းဖြစ်မယ့်အန္တရာယ်ကို ကျော်ဖြတ်နေရတာဖြစ်တဲ့အတွက် လူတိုင်း၊ ဘာသာရေးအဖွဲ့အစည်းတိုင်း၊ အစိုးရအဖွဲ့အစည်းတိုင်း မသန်စွမ်းတွေကို မမေ့ထားကြပါနဲ့ သတိရကြပါ။ ကူညီထောက်ပံ့ကြပါလို့ ပြောချင်ပါတယ်။




## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊အင်ဂျန်ဒုံရပ်ကွက်
အထက(၆)မြစ်ကြီးနားတွင်ပညာသင်ကြားနေသော
မောင်ချန်းမရိရမ်၏အမည်ရင်းမှန် မှာမောင်ချန်းမယုရမ်
မွေးသက္ကရာဇ်(၂၀.၉.၂၀၀၆) နှင့် မမေရမ်ဆားရ်၏
အမည်ရင်းမှန်မှာ မချန်းမေ ရမ်ဆားရ်မွေးသက္ကရာဇ်
(၂၁.၉.၂၀၀၇)ဖြစ်ပြီး ဖခင်၏အမည်ရင်းမှန်မှာ
ဦးချန်းဇီရမ် ဖြစ်ကြောင်း တရားဝင်အသိပေး
ကြေညာအပ်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်
(မေ ၂၅ - မေ ၃၁၊ ၂၀၁၈)

# မြန်မာပြည်စစ်ပွဲများအတွင်းမှတရုတ်နိုင်ငံ၏ ရပ်တည်မှု

ရာပြည့်ဘာသာပြန်သည်





UWSA ၏ အကြီးအကဲ ပေါက်ယူချမ်း

ဓာတ်ပုံ - Soe Zeya Tun

မြန်မာအစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ထပ်မံကျင်းပရန် ပြင်ဆင်နေချိန်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သည်စစ်မျက်နှာတိုင်းနီးပါးတွင် အားကောင်းပြင်းထန်လာလျှက်ရှိသည်။

မြန်မာ့တပ်မတော်သည် နိုင်ငံမြောက်ပိုင်း၌ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ)အပေါ် ပြင်းထန်သောထိုးစစ်တစ်ရပ်ကို မကြာသေးမီကပင် စတင်ဆင်နွှဲလာခဲ့ပြီး တစ်ပြိုင်တည်းမှာပင် တိုင်းရင်းသားတရုတ်လူမျိုးတို့ နေထိုင်သည့် ကိုးကန့်ဒေသအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင်လည်း တိုက်ပွဲအရှိန်အဟုန်ကို မြှင့်တင်လာခဲ့သည်။



ဓာတ်ပုံ - ဆိုင်းမိုင်

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှုရှိသည့် တစ်ခုတည်းသော ပြည်ပအင်အားဟုဆိုရမည့် တရုတ်နိုင်ငံသည် တစ်စထက်တစ်စ အရှိန်မြင့်တက်လာနေသောပြဿနာအကြပ်အတည်းကို ကူညီဖြေရှင်းနိုင်ရေးအတွက် ဝင်ရောက်လာနိုင်ချေရှိပေသည်။ တရုတ်နိုင်ငံက ယင်း၏ ပိုင်နက်အတွင်းသို့ စစ်ဘေးရှောင်ပြည်သူများ ပြေးဝင်ခိုလှုံလာစေသည့် နယ်စပ်ဒေသအနီးမှ တိုက်ပွဲများကို ရှုတ်ချလိုက်ကြောင်း တနင်္ဂနွေနေ့(မေလ ၂၀ ရက်နေ့)ထုတ် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးက (မေလ ၁၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော) ကြေညာချက်၌ စစ်မက်ဖြစ်ပွားနေသော အဖွဲ့အစည်းအားလုံးကို စိတ်လိုက်မာန်ပါမပြုဘဲ ချုပ်တည်းထိန်းကွပ်ကြရန် အပစ်အခတ်ရပ်စဲကြပါရန်နှင့် တိုက်ပွဲအရှိန်မြင့်မားလာစေမည့်အခြေအနေများကို တားဆီးကြရန် တိုက်တွန်းအပ်ကြောင်း ဖော်ပြပါရှိသည်ဟု အဆိုပါသတင်းများက ဆိုသည်။ ထို့အပြင်မြန်မာအစိုးရကိုလည်း တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ရန် အလေးအနက် တောင်းဆိုထားကြောင်း သိရသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခများအတွင်း ငြိမ်းချမ်းရေးဖော်ဆောင်သူနှင့် ပါဝင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်လျှက်ရှိသော တရုတ်နိုင်ငံ၏ အခန်းကဏ္ဍမှာ ရိုးစင်းခြင်းမရှိသည့်အပြင် စစ်မှန်လေးနက်ခြင်းလည်း ရှိသည်မဟုတ်ပေ။ ဘေဂျင်းအစိုးရသည် ရခိုင်ပြည်နယ်အနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာတွင်ဖွင့်လှစ်ထားသောအချက်အချာကျသည့် ကျောက်ဖြူဆိပ်ကမ်းအား အသုံးချခွင့်ရရှိရေးအပါအဝင် ပိုမိုကျယ်ပြန့်သော ယင်း၏မဟာဗျူဟာမျှော်မှန်းချက်များကို ဆောင်ကြဉ်းနိုင်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ကိုင်ပြု၍ ရှုပ်ထွေးနက်နဲသောသံတမန်ကစားပွဲတစ်ရပ် ကစားနေခြင်းဖြစ်ကြောင်း ယုံကြည်စိတ်ချရသည့်သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံသည် ယင်း၏ အနောက်တောင်ဘက်ဒေသမှ အိန္ဒိယသမုဒ္ဒရာအထိ ဖြန့်ကျက်ထားသော မြန်မာစင်္ကြံလမ်းဟု ခေါ်ဆိုနိုင်သည့် လမ်းကြောင်းကို လုံခြုံစိတ်ချမှုရရှိစေရန် ကြိုးပမ်းရှာဖွေလာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ မြန်မာစင်္ကြံလမ်းသည် တရုတ်သမ္မတရှီကျင်းဖျင်၏ Belt and Road Initiative ခေါ် စီမံကိန်းအတွက် အထူးတလည်အရေးပါလှသည်။ အဆိုပါစီမံကိန်းသည် အမေရိကန်ဒေါ်လာဘီလျံပေါင်း ထောင်နှင့်ချီ၍ တန်ဖိုးရှိသော စီမံကိန်းဖြစ်ပြီး အနောက်တောင်ဘက်ဒေသ၏ အခြေခံအဆောက်အအုံကို မြှင့်တင်တည်ဆောက်ကာတရုတ်နိုင်ငံအတွက် အားသာချက်တစ်ရပ်ဖြစ်လာစေမည် ဖြစ်သည်။

အကယ်၍ တရုတ်နိုင်ငံက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ယင်း၏ဩဇာလွှမ်းမိုးမှုအားဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန် ကူညီနိုင်မည်ဆိုပါက တရုတ်နိုင်ငံ၏ အထက်အဆိုပါရေရှည်စီမံကိန်းများ လုံခြုံစိတ်ချရရေးကို အပြန်အလှန်အားဖြင့် ရယူလိုမည်မှာ အသေအချာပင်ဖြစ်ကြောင်း အထက်ပါသတင်းရင်းမြစ်များက ဆိုကြသည်။

ဤသည်မှာ ဆုပေး၊ဒဏ်ပေးပုံစံမျိုးဖြင့် ချဉ်းကပ်လာသော စည်းရုံးသိမ်းသွင်းမှုတစ်ရပ်ပင်ဖြစ်သည်။ ကေအိုင်အေအပါအဝင် မဟာမိတ်အဖွဲ့အစည်းခုနှစ်ဖွဲ့ပါဝင်သော ဖက်ဒရယ်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုနှင့် အကြံပြုကော်မတီ (Federal Political Negotiation and Consultative Committee - FPNU) တွင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုဖြင့် ထင်ရှားကျော်ကြားသော အင်အားတောင့်တင်းဆုံးဖြစ်သည့် ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (United Wa State Army - UWSA) သည် တရုတ်နိုင်ငံထုတ်လက်နက်များကို ရရှိလျက်ရှိသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားဒေသအခြေစိုက် ရှမ်းနှင့်အခါတောင်ပေါ်လူမျိုးစုတို့ ပေါင်းစပ်ဖွဲ့ထားသော သတ္တမမြောက် မဟာမိတ်အဖွဲ့အစည်းမှာမူ တရုတ်နိုင်ငံထုတ်လက်နက်များကို ယင်းတို့၏ ကိုယ်ပိုင်အရင်းအမြစ်လမ်းကြောင်းများမှတစ်ဆင့် ရရှိနေဟန်ရှိပေသည်။ UWSA က ယင်း၏မိတ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများထံ တရုတ်နိုင်ငံထုတ်လက်နက်များ လွှဲပြောင်းပေးအပ်နေခြင်းအပေါ် တရုတ်နိုင်ငံက မည်မျှသောအတိုင်းအတာအထိ လက်ခံထားရှိသည်ဆိုသည်မှာ မှန်းဆချက်တစ်ရပ်မျှသာဖြစ်သည်။

သတင်းရင်းမြစ်များက ထပ်မံပြောကြားကြသည့် တရုတ်နိုင်ငံ၏အခြားသောမဟာဗျူဟာအစိတ်အပိုင်းတစ်ရပ်မှာ UWSA အဖွဲ့အစည်းအတွင်း ယင်း၏ဩဇာအာဏာကိုပိုမိုလွှမ်းမိုးဖြန့်ကျက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် UWSA အဖွဲ့ဝင်ချင်း အဖွဲ့ကွဲစေရန် ဆောင်ရွက်ရေးပင်ဖြစ်သည်။

အဆိုပါ ပြောကြားချက်မှာ မကြာသေးမီကဖြစ်ပွားခဲ့သော UWSA ၏ အကြီးအကဲ ပေါက်ယူချမ်းနှင့် UWSA ၏ ငွေကြေးကဏ္ဍကို ထိန်းချုပ်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင် ဝေဆူကျန်းတို့အကြားမှ ဆက်ဆံရေးအက်သံ ထွက်ပေါ်လာမှုကို အခြေပြုပြောကြားလာခြင်းဖြစ်နိုင်ပေသည်။ ပေါက်ယူချမ်းနှင့် ညီအစ်ကိုများမှာ ‘ဝ’တိုင်းရင်းသားများဖြစ်ကြပြီး ဝေဆူကျန်းနှင့် ညီအစ်ကိုများမှာ တရုတ်လူမျိုးများဖြစ်ကြသည်။

စိန်ဝင်းဟူသော မြန်မာအမည်ခံယူထားသည့် ဝေဆူကျန်းသည် ကချင်ပြည်နယ်အတွင်းရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် အရင်းအနှီးကြီးမားစွာထည့်ဝင်ထားပြီး အခြားသောစီးပွားရေးလုပ်ငန်းအများအပြားကိုလည်း နိုင်ငံတစ်ဝှမ်း လုပ်ကိုင်လျက်ရှိသူဖြစ်သည်။ ဝေဆူကျန်း၏စီးပွားရေးလုပ်ကိုင်နိုင်စွမ်း အနေအထားအရမြန်မာ့တပ်မတော်ထိပ်တန်းအရာရှိကြီးများနှင့် ရင်းနှီးသောဆက်ဆံရေးလည်း ရှိသည်။

ဝေဆူကျန်းသည် တရုတ်အစိုးရအရာရှိကြီးများနှင့်လည်း အဆက်အသွယ်ကောင်းစွာရရှိထားသည့်အပြင် သူကိုယ်တိုင်မှာလည်း ‘ဝ’တိုင်းရင်းသားမဟုတ်သည့်အတွက် သူ၏ရေရှည်လုပ်ငန်း အကျိုးစီးပွားများသည်တရုတ်နိုင်ငံ၏ အကျိုးစီးပွားဘက်သို့ ပို၍ တိမ်းလွယ် ယိမ်းလွယ် ရှိပေသည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စုတရားရုံးက ပေါက်ယူချမ်း၊ ဝေဆူကျန်းနှင့် ယင်းတို့၏ညီအစ်ကိုအပေါင်းအပါတို့အား မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့် မျက်ကွယ်တွင်တရားစွဲဆိုခဲ့သည်။ ပေါက်ယူချမ်းသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့် ချမ်းသာကြွယ်ဝလာခဲ့သော်လည်း ‘ဝ’တပ်မတော်ကို ဦးစီးသည့် ‘ဝ’အမျိုးသားရေးဝါဒီတစ်ဦးလည်း ဖြစ်သည်။ သို့ရာတွင် ပေါက်ယူချမ်းသည် ဝေဆူကျန်းကဲ့သို့ စီးပွားရေးလုပ်ငန်းကျွမ်းကျင်မှုမရှိကြောင်း သတင်းအရင်းအမြစ်များက ဖော်ပြကြသည်။

UWSA အတွင်း အက်ကြောင်းထပ်မှုသည် ရှမ်းတိုင်းရင်းသားမူးယစ်ရာဇာခွန်ဆာ၏ ၁၉၉၆ ခုနှစ်အတွင်း လက်နက်စွန့်လွှတ်ခဲ့ပုံနှင့် အကြောင်းရင်းခံချင်း အလားသဏ္ဌာန်တူညီနေသည်။ ခွန်ဆာ၏ မုန်တိုင်းတပ်ဖွဲ့(Mong Tai Army - MTA) သည်လည်း အပိုင်းနှစ်ပိုင်းဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ရှမ်းတိုင်းရင်းသားတို့က တိုက်ခိုက်ရေးအင်အားစုများတွင် အများဆုံးပါဝင်ခဲ့ကြပြီး အဖွဲ့၏ ဘိန်းဖြူရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို တရုတ်တိုင်းရင်းသားများက လုပ်ကိုင်ကြသည်။

မြန်မာအစိုးရနှင့် လျို့ဝှက်




ဆွေးနွေးမှုများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်အပိုင်းကသာ သိရှိခဲ့ကြကာ ထိုစဉ်က စစ်အစိုးရနှင့် သဘောတူညီချက်ရရှိသည်အထိ ခရီးပေါက်ခဲ့ကြသည်။ MTA အဖွဲ့ဝင် ရှမ်းအမျိုးသားများမှာ သတင်းအမှောင်ချခံထားကြရပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် MTA၌ နချုပ်ရုံးစိုက်ရာ ဟိုမုန်းဒေသသို့ မြန်မာစစ်တပ်ရဟတ်ယာဉ် ဆင်းသက်လာသည့် အခါမှသာ အဖြစ်မှန်ကို သိရှိခဲ့ကြရသည်။

ထို့နောက်တွင် ခွန်ဆာက သူ၏တပ်ဖွဲ့ကို ဖျက်သိမ်းကာ ရန်ကုန်မြို့တော်နှင့် အဆက်အသွယ်ပြန်လုပ်ခဲ့သည်။ ခွန်ဆာသည် ၂၀၀၇ ခုနှစ်တွင် ရန်ကုန်မြို့၌ပင် ကွယ်လွန်ခဲ့ရသည်။ ခွန်ဆာ၏ မူးယစ်ဆေးဝါးလုပ်ငန်း တွဲဘက်လုပ်ကိုင်သူများက ယခုအခါ မြန်မာနိုင်ငံအတွင်း ယင်းတို့၏ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လျက်ရှိကြသည်။ MTA အဖွဲ့ဝင် ရှမ်းတိုင်းရင်းသားတို့မှာ တပ်ဖွဲ့ဖျက်သိမ်းရခြင်းနှင့်အတူ ပြိုကွဲသွားခဲ့ကြရပြီးနောက်ပိုင်းတွင် ယင်းတို့အနက်မှ အချို့က ရှမ်းလူမျိုးအများစုပါဝင်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Restoration Council of Shan State - RCSS) ကို အဖွဲ့အစည်းအသစ်တစ်ရပ်အဖြစ် ပြန်လည်ထူထောင်လာခဲ့ကြသည်။

UWSA အဖွဲ့အတွင်း အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်လာလိမ့်မည်ဟု ပြောကြားရန် အချိန်မတိုင်သေးပါ။ အကယ်၍ ပေါက်ယူချမ်းညီအစ်ကိုများက တရုတ်တို့၏ ကြားဝင်ဆောင်ရွက်မှုအားဖြင့် အစိုးရနှင့်သဘောတူညီချက်တစ်ရပ်ရရှိရေး စတင်ဆောင်ရွက်လာမည်ဆိုပါက အဆိုပါအက်သံမှာ အားပျော့ပျက်ပြယ်သွားဖွယ်ရာရှိနေပေသည်။

ထိုသို့ ဆိုပါက ညီညွတ်သောတပ်ဦးအဖြစ် ဖွဲ့စည်းထားသည့် FPNCC ၏ လမ်းကြောင်းမှ သွေဖီသွားမည်ဖြစ်သည့်အပြင် အခြားသောလက်နက်ကိုင်မိတ်ဖက်အဖွဲ့အစည်းများအား လက်နက်ထောက်ပံ့ခြင်းသည်လည်း ရပ်တန့်သွားဖွယ်ရာရှိသည်။ အဆိုပါ အဆိုပြုချက်များ ထွက်ပေါ်လာပါက ပေါက်ယူချမ်းနှင့်ယင်း၏ အပေါင်းပါများအနေဖြင့် ဝေဆူကျန်း၏ လိုအင်ဆန္ဒများအား ဆန့်ကျင်ရန် ခဲယဉ်းနေမည်ဆိုသည်ကို မြင်တွေ့လာမည်ဖြစ်သည့်အပြင် တရုတ်တို့၏ လုံခြုံရေးထူထောင်မှုအစီအစဉ်သို့လည်း ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်သည်။

ပေါက်ယူချန်းနှင့် အခြားသော အုပ်စုခေါင်းဆောင်များသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း ကူမင်းမြို့၌ လျှို့ဝှက်ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း တရုတ်အစိုးရနှင့်နီးစပ်သော အတွင်းသတင်းရင်းမြစ်များက ဆိုသည်။ ထို့နောက် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်နေ့များတွင်လည်း ယူနန်ပြည်နယ် တောင်ပိုင်း ကျင်းဟုန်ဒေသ၌ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့သေးသည်ဟုဆိုသည်။ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ၌တရုတ်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ထားရှိသည့် ယင်းတို့၏အမြင်များကို ဖော်ပြခဲ့သည်ဟုဆိုသည်။

အဆိုပါ ဆွေးနွေးပွဲများ၌ ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို အတိအကျသိရှိရခြင်းမရှိသော်လည်း နိုင်ငံမြောက်ပိုင်း၌မကြာသေးမီကဖြစ်ပွားခဲ့ပြီး တရုတ်နယ်စပ်ဒေသအထိပျံ့နှံ့လာခဲ့သောတိုက်ပွဲသစ်များအတွင်း UWSA တပ်ဖွဲ့အနေဖြင့် ပါဝင်ပတ်သက်မည်ကို မလိုလားကြောင်း တရုတ်တို့ဘက်မှ အသိပေးခဲ့ပုံရသည်မှာ ထင်ရှားလှပေသည်။

အချို့သော သတင်းရင်းမြစ်တို့ကမူ တရုတ်နိုင်ငံသည် FPNCC အဖွဲ့ကို အပိုင်းပိုင်းကွဲထွက်စေခြင်းဖြင့် ထိန်းချုပ်ကိုင်တွယ်ရ ပိုမိုလွယ်ကူစေမည့်အပြင် အပိုင်းပိုင်းကွဲနေသော တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များကို ယင်း၏ ဩဇာအာဏာ ထီးရိပ်တစ်ခုတည်းအောက်တွင်ပင် စုစည်းညီညွတ်မှုမရှိသော တပ်ဖွဲ့များအဖြစ် ထားရှိကာ အလွယ်တကူကိုင်တွယ်ထိန်းချုပ်သွားနိုင်မည့် နည်းလမ်းကို ကြိုးပမ်းရှာဖွေနေခြင်းလည်း ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

Reference: China is conflicted in Myanmar's Wars by Bertil Lintner, May 17, 2018, Asia Times

# ကချင်ပြည်နယ် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဗန်းမော်တက္ကသိုလ်နှင့် မြစ်ကြီးနားတက္ကသိုလ်တို့အနိုင်ရဗိုလ်စွဲ

မြစ်ကြီးနား၊ မေ ၂၁

ကချင်ပြည်နယ်၊ တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဗန်းမော်တက္ကသိုလ်အသင်းနှင့် မြစ်ကြီးနားတက္ကသိုလ်အသင်းတို့က အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင်ဗန်းမော်တက္ကသိုလ်မှပထမဆုရရှိခဲ့ပြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြစ်ကြီးနားတက္ကသိုလ်မှ ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မေလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ မြစ်ကြီးနားမြို့၊ မိုးလုံလေလုံပြည်နယ် အားကစားကွင်းတွင်ကျင်းပခဲ့ရာ အမျိုးသားပြိုင်ပွဲတွင် ၅ သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ၃ သင်းယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

ထိုပြိုင်ပွဲမှ အမျိုးသားအမျိုးသမီး အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ကာ လာမည့်ဇွန်လတွင် မန္တလေးမြို့၌ကျင်းပမည့်ဇုံနယ်အလိုက် (အထက်မြန်မာပြည်) တက္ကသိုလ်/ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ကချင်ပြည်နယ်ကိုယ်စားပြုအသင်းအနေဖြင့် သွားရောက်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ထိုပြိုင်ပွဲတွင် ထပ်မံအရွေးချယ်ခံရပါက လာမည့် ဒီဇင်ဘာလ ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ(AUG)တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)




မိုးညှင်း နှင့် မြစ်ကြီးနား အမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်နေစဉ် ဓာတ်ပုံ –ဆိုင်း (ကချင်မြေ)

လူကြီးမင်းရဲ့ ကုန်ပစ္စည်းများကို
တစ်နိုင်ငံလုံးထိုးဖောက်ချင်ပါသလား?
စျေးနှုန်းသက်သာစွာနဲ့ တစ်နိုင်ငံလုံးကို ပြန့်နှံ့နိုင်အောင်
မီဒီယာ ၉ ခုကို ပေါင်းစည်းထားတဲ့ အေသစုံမီဒီယာ
မှာ ကြော်ငြာလိုက်ပါ...
ဆက်သွယ်ရန် ဖုန်း – ၀၉၄၃၀၃၉၃၀၇
Email : jointadssell@gmail.com

MSCA
Mandalay School of Culinary Arts
Chinese & Thai Speical Class
နိုင်ငံတကာ ဟိုတယ်များတွင် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ
ကိုယ်ပိုင်ဆိုင် ဖွင့်လိုသူများ၊ မိမိဆိုင်တွင် Menu အသစ် တိုးလိုသူများ
သန့်ရှင်းသပ်ရပ် အရသာရှိစွာ မိမိကိုယ်တိုင် ချက်ပြုတ်စားသောက်လိုသူများ
တက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။
June 5 တွင် လသင်တန်းစမည်။
May 25 တွင် စာရင်းစတင်လက်ခံပါမည်။

အမှတ်(4C4) အောင်ပြည့်ဖြိုးအိမ်ယာ၊ လမ်း၆၀၊(၃၀×၃၂) လမ်းကြား၊ မန္တလေးမြို့
09-255563400
MSCA Mandalay School of Culinary Arts
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းပေးကြပါရန် . . .


www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm


Myitkyina News Journal

myitkyinanewsjournal

ID-MyitkyinaNewsJournal / Name-Myitkyina News Journal



မြစ်ကြီးနားသတင်းဂျာနယ် website



မြစ်ကြီးနားသတင်းဂျာနယ် Youtube



မြစ်ကြီးနားသတင်းဂျာနယ် Viber









မြစ်ကြီးနားသတင်းဂျာနယ် TV News

မြစ်ကြီးနားသတင်း ဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို

အွန်လိုင်း၊ အင်တာနက် စာမျက်နှာများဖြစ်သော. . . . . . . . . . . . . .

Website

Viber

Face Book

You Tube

We Chat

များပေါ်တွင်

ဝင်ရောက်

ဖတ်ရှုနိုင်

ပါပြီ......